# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်




**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရှဲဗာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

◆*ရွှေဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်နေစဉ်အတွင်း မတ် ၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံ ဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့ တက်ရောက်ခြင်းများကို ဆောင်ရွက်ခြင်းတို့အပြင် စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ခြင်း အခမ်းအနားများကို တက်ရောက်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ ခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်စဉ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မတ် ၇ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်များသို့ တက်ရောက်အမှာစကား ပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အနုပညာရှင်များက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုစဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာစဉ်အတွင်း ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူး လေယာဉ်ပေါ်တွင် ဖြေကြားခဲ့သည်။ **(ဖြေကြားမှု အပြည့်အစုံကို စာမျက်နှာ-၅ တွင် သီးခြားဖော်ပြထား ပါသည်။)** ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီး များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့များသို့ သွားရောက်ခဲ့ပြီး မိမိတို့ မြန်မာနိုင်ငံနှင့် ရာသီဥတုအနေအထား ကွာဟချက် အရ အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီ စင်တီဂရိတ် (အေးခဲသော) အနေအထားအထိရှိသည့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတို့သို့ အသွားအပြန် မိုင်ပေါင်း တစ်သောင်းကျော်ခန့်အထိ သွားရောက်၍ နိုင်ငံတော်အကျိုးစီးပွားကို တစိုက် မတ်မတ် ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအား ညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြား မှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင် မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများက လေဆိပ် တွင် အသင့်စောင့်ကြို၍ လေယာဉ်အဆင်းမှ VIP ဆောင်အထိလည်းကောင်း၊ တပ်မတော်လေဆိပ်မှ အဝိုင်းပတ်နေရာအထိလည်းကောင်း "ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်၊ ရုရှားမြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ၊ မြန်မာ-ရုရှား ပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ပါစေ၊ မြန်မာ နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား လှိုက်လှဲစွာ ကြိုဆိုပါ၏၊ ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အလံငယ်များ ကို အသီးသီးကိုင်ဆောင်၍ အလံများ ဝှေ့ယမ်းကာ အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား-မြန်မာ ချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေဟု ကြွေးကြော် လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက် ခဲ့ကြသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန် ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက** လည်း မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည် ပြောကြားခဲ့ရာ ဖြေကြားမှုအပြည့်အစုံကို စာမျက်နှာ-၅ တွင် သီးခြားဖော်ပြထားပါသည်။)

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရှဲဗာလေဆိပ်၌ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်က ပို့ဆောင်နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများဖုံးလွှမ်းနေသည့်အတွက် လေဆိပ်မှမထွက်ခွာမီ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားချက်

ဖြေကြားမှု အပြည့်အစုံမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr.Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ကျွန်တော် တရားဝင်ချစ်ကြည်ရေးခရီးသွားတာပါ။ သူတို့က တရားဝင်ဖိတ်တဲ့အတွက်ကြောင့် ကျွန်တော်တရားဝင်ချစ်ကြည်ရေးခရီးသွားနိုင်တာကတော့ နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ဟာတစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခုက သွားတဲ့ခရီးစဉ် နှစ်နိုင်ငံလုံးမှာပဲ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်တဲ့ နယ်ပယ်တွေ ကျယ်ပြန့်စွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်တဲ့ ကိစ္စရပ်တွေပေါ့။ နောက် နှစ်နိုင်ငံအပြန်အလှန် ကူးလူးသွားလာရေးအတွက် တိုးချဲ့ဖို့ဆိုတာ အထူးသဖြင့်တော့ ခရီးသွားကဏ္ဍတွေ တိုးချဲ့ဆောင်ရွက်ရေးပေါ့ဗျာ။ နောက်တစ်ခုက ပညာရေး၊ နောက် သိပ္ပံနဲ့နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေ၊ ဒါတွေ နယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပျက် ပြောင်းလဲမှုအခြေအနေတွေ ရှင်းပြတာကို သူတို့ နှစ်နိုင်ငံလုံးက ဒါကို အားလုံးလက်ခံပါတယ်။ နောက် ကျွန်တော် ရွေးကောက်ပွဲလုပ်မယ့် အခြေအနေလည်း ကျွန်တော် ရှင်းပြတယ်။ ရှင်းပြတော့ သူတို့ ဒါကိုလည်း အားပေးထောက်ခံတဲ့အတွက်ကြောင့် သူတို့ဆီက ကိုယ်စားလှယ် လွှတ်ပြီးတော့ လာပြီးတော့ ရွေးကောက်ပွဲမှာ အကဲလာပြီး ကြည့်ပေးမယ့်အကြောင်းလည်း သူတို့ပြောတာရှိတယ်။ ပိုကောင်းတာကတော့ နှစ်ဦးနှစ်ဖက် ဒီတွေ့ဆုံခြင်းအားဖြင့် ယုံကြည်မှုတွေ အများကြီးရခဲ့တယ်ဗျ။ ရုရှားနိုင်ငံရော ဘယ်လာရုစ်နိုင်ငံရော သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့ တော်တော်ဖြစ်လာတာကို ကျွန်တော်တွေ့တယ်ဗျ။ ဒါဟာ ကျွန်တော်တို့အတွက် (နောက်အနာဂတ်နိုင်ငံအတွက်) (နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း) ကောင်းတဲ့ လက္ခဏာတစ်ခုပေါ့ဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကို ကျွန်တော်တို့ ခိုင်ခိုင်မာမာလုပ်မှာပါ။ ပါတီစုံဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် ကဏ္ဍကောစ လုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲ လိုပါတယ်။ အဲ့ဒါလုပ်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကို ပြောရဲပါတယ်။ ပြည်သူတွေကို ကျွန်တော် ဒါလေးတော့ ကျွန်တော့်ဘက်က သဘောထားပေ့ါဗျာ။ ကျွန်တော်ဒါကို ပြောပါရစေ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

အားလုံး အစစအရာရာ အောင်မြင်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်ဗျာ။ ပြည်သူအများလည်း အားလုံးကျန်းမာချမ်းသာကြပါစေ။ နောက် အစစအရာရာ တိုးတက်အောင်လုပ်နိုင်ကြပါစေလို့လည်း ကျွန်တော် ဆုမွန်ကောင်းတောင်းပါတယ်။ ပါတီစုံဒီမိုကရေစီကို ယုံကြည်တယ်ဆိုလို့ရှိရင် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း ကျွန်တော် ပြောလိုပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ၊ ကျေးဇူးအများကြီးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ “ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးဖိတ်ခေါ်ချက်အရ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံကို ဒီလ ၃ ရက်နေ့ကနေ ဒီနေ့ ၉ ရက်နေ့အထိ တစ်ပတ်ကြာခရီးသွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တဲ့အတွက် မီဒီယာအားလုံးလည်း ဘာတွေဆောင်ရွက်ခဲ့တယ်၊ ဘာတွေ လုပ်ဆောင်ခဲ့တယ်ဆိုတာ သိပြီးသားဖြစ်မှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော် အကျယ်ချဲ့မပြောချင်တော့ဘူး။ အဓိကကတော့ နိုင်ငံ့အတွက် ဘာအကျိုးအမြတ်ရှိခဲ့လဲဆိုတာ ကျွန်တော် ပြောချင်ပါတယ်။ ဘာတွေရှိခဲ့လဲဆိုတော့ နံပါတ်တစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကဏ္ဍသုံးရပ်အနေနဲ့ကျွန်တော် ခွဲပြောမှာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး နိုင်ငံရေးနဲ့ ပတ်သက်ပြီး အာမခံချက်ရခဲ့တာက ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်က ရပ်တည်ခဲ့တာဖြစ်တယ်။ အခုလည်း ဆက်လက်ရပ်တည်သွားမယ်ဆိုတဲ့ ခိုင်ခိုင်မာမာ အာမခံချက်ရရှိခဲ့တယ်။ နံပါတ်နှစ်အချက်က ကျွန်တော် မြန်မာနိုင်ငံမှာ အားလုံးသိတဲ့အတိုင်းပဲ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ အစောဆုံးသည် ဒီဇင်ဘာလ နောက်ဆုံးအပတ်၊ နောက်အကျဆုံးသည် ဇန်နဝါရီလ ဒုတိယအပတ်လောက်မှာဖြစ်မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်တဲ့နိုင်ငံတကာတွေက ထောက်ခံပေးပါတယ်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးတဲ့အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေလည်း လွှတ်ပေးမယ်ဆိုတဲ့ ခံယူချက်မျိုး ရရှိခဲ့တယ်။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာက ကျွန်တော်တို့သည် ပြည်သူတွေ လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

မလွဲမသွေ ပြန်သွားမယ်။ မလွဲမသွေဆောင်ရွက်ပေးမယ်။ ဒါသည် အောင်မြင်ခဲ့တဲ့ နိုင်ငံရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ ပတ်သက်ရင် ရုရှားနိုင်ငံနဲ့ဘယ်လာရုစ်နိုင်ငံတို့သည် ကျွန်တော်တို့နိုင်ငံထက် နည်းပညာမြင့်မားတာတွေရှိတယ်။ ကျွန်တော်တို့ ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စက်မှုစီးပွားကိုသွားမယ့် နိုင်ငံလို့ သတ်မှတ်ထားတယ်။ ဒီလိုမျိုးလုပ်နိုင်ဖို့ ကျွန်တော်တို့မှာ အခွင့်အလမ်းကောင်းတွေရှိတယ်။ ရုရှားလို နိုင်ငံမျိုးနဲ့ မပြောသေးဘူး။ မြန်မာရဲ့ အကျယ်အဝန်းထက် ဘယ်လာရုစ်နိုင်ငံသည်သုံးပုံတစ်ပုံလောက်ပဲ ကျယ်ဝန်းတယ်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ ဒ့ါအပြင် ဘယ်လာရုစ်နိုင်ငံသည် လူဦးရေအများဆုံး ၉ ဒသမ ၁ သန်းပဲရှိတယ်။ သို့သော် သူ့ရဲ့ စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းကနေရရှိတဲ့ GDP က ၉ ဘီလီယံနီးပါးထိရရှိတယ်။ အဲဒီမှာ ကြည့်လိုက်တော့ သူသည် လယ်ယာစိုက်ပျိုးမှုဧရိယာက မြန်မာနိုင်ငံထက်နည်းတယ်။ ဒ့ါအပြင် ကန့်သတ်ချက်တွေလည်း ရှိပါတယ်။ အခုချိန်မှာ ဘယ်လာရုစ်နိုင်ငံရဲ့ ရာသီဥတုက ညပိုင်းမှာဆိုရင် အနုတ်(-၂ )ဒီဂရီစင်တီဂရိတ်မှ (-၁၂ )ဒီဂရီစင်တီဂရိတ်လောက်ရှိတယ်။ တချို့နေရာတွေမှာလည်း အမြဲတမ်းအေးနေတယ်။ စိုက်ပျိုးဖို့အတွက် မြေကန့်သတ်ချက်၊ ရာသီဥတုကန့်သတ်ချက်တွေရှိတယ်။ ဒီလိုမျိုးနိုင်ငံတောင်ဖြစ်ထွန်းရင် ကျွန်တော်တို့လို ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်တဲ့ နိုင်ငံက မဖြစ်ထွန်းစရာအကြောင်း မရှိပါဘူး။ လိုအပ်နေတာက ခေတ်မီတဲ့ စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်တယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့တာရှိတယ်။ ခေတ်မီတဲ့ စိုက်ပျိုးမွေးမြူရေးစနစ်က လိုအပ်ချက်တွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ လိုအပ်နေတဲ့ ဓာတ်မြေဩဇာ လိုအပ်ချက်တွေ၊ ဒီဓာတ်မြေဩဇာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်လျက်ရှိတယ်။ စာချုပ်တွေ ချုပ်ဆိုခဲ့တာ ရှိတယ်။ ဒ့ါအပြင် ဓာတ်မြေဩဇာနဲ့ ပတ်သက်ပြီး လိုအပ်ချက်ဆိုရင် မြန်မာနိုင်ငံမှာ စက်ရုံတည်ဖို့ ဖိတ်ခေါ်ခဲ့တာရှိတယ်။ ဒ့ါအပြင် တရုတ်နိုင်ငံနဲ့လည်း ဓာတ်မြေဩဇာ စက်ရုံတည်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာ အဓိကအရေးပါတဲ့ စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကြီး သုံးခုရှိတယ်။ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ်ဆိုတဲ့ ရေနက်ဆိပ်ကမ်းတို့ဖြစ်တယ်။ ထားဝယ် ရေနက်ဆိပ်ကမ်းသည် ရပ်ဆိုင်းနေတာကြာပြီ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနဲ့ဆောင်ရွက်နိုင်ဖို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့တယ်။ သို့သော် ရုရှားနိုင်ငံနဲ့ အဓိကထားဆောင်ရွက်သော်လည်း ဘယ်နိုင်ငံမဆိုလည်း ဒီနေရာမှာ ပါဝင်လို့ရပါတယ်။ လုပ်ဆောင်နိုင်ဖို့ ဖိတ်ခေါ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ပြောချင်ပါတယ်။ နောက်တစ်ခုက လူမှုရေးဖြစ်တယ်။ လူမှုရေးကဏ္ဍ ပညာရေး၊ ကျန်းမာရေးမှာ သူတို့နိုင်ငံက မြင့်မားကြတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ်တစ်ခုလုံးကို အနှစ်ချုပ်ပြီး ပြောရရင် ကျွန်တော်မြန်မာနိုင်ငံရဲ့ ပြည်သူတွေ မျှော်မှန်းနေတဲ့ ကျွန်တော်တို့ လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ဖို့၊ ပြန်လုပ်နိုင်ဖို့၊ ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်ပြီးအောင်မြင်နိုင်ဖို့ တိုင်းပြည်တစ်ပြည်လုံး ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက် ဒါအလားအလာကောင်းတွေကို ဆောင်ကြဉ်းနိုင်ခဲ့တဲ့ ခရီးစဉ်ဖြစ်တယ်လို့ပြောချင်ပါတယ်။” ဟု ပြောကြားခဲ့သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားကို ယနေ့ဒေသ စံတော်ချိန် နံနက်ပိုင်းတွင် Grand Autograph ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ နိုဗိုစီဗစ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ နိုဗိုစီဗစ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး (၇၇) နှစ်ကြာ ရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင် ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာ ဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေကြောင်းပြေးဆွဲလျက်ရှိသည့် တစ်ခုတည်းသော ရုရှားနိုင်ငံမှ မြို့တစ်မြို့ဖြစ်ကြောင်း၊ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား နိုဗိုစီဗစ်ဒေသတွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြား နားလည်မှုမြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသ ဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ခြင်းအတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် နိုဗိုစီဗစ်မြို့အကြား ညီအစ်မမြို့အဖြစ် ထူထောင်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝချမ်းသာမှုများ ရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ်ဂီရာဂီရာယဗစ်ချ် ကူဒရာ့ဆက်ဗ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ် တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အကြီးအကဲတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။


ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက် ရှိသည့် သင်တန်းသားအရာရှိများအားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုများ တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်၌ ကျင်းပသည့် ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာနိုင်မှု၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသား အရာရှိများ နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် မန္တလေးမြို့တို့ကို တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိမှု၊ ထုတ်ကုန်များ အပြန်အလှန် တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အား Sister City များအဖြစ် ဆောင်ရွက်မည်ဆိုပါက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဆောင်ရွက်ပေးကြစေလိုမှု၊ နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ ပညာတော်သင်များ ပညာသင်ကြားနိုင်ရေးအတွက် ထပ်မံစေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများနှင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသား အရာရှိများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ပန်းတိုင်သို့ ချီရာဝယ်

ပြည်စိုးညိမ်း

ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
အချစ်မပျက်ပါဘု
ခေတ်အဆက်ဆက် မနေးကူလို့
အတွေးတူ အယူမကွဲပါပဲ
အရေးတယူ အတူတွဲတယ်
ခိုင်မြဲတဲ့အား။

၂၀၂၅ ခုနှစ် မတ်လ ၃ ရက်၊ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၅ ရက်။ အမိမြန်မာနိုင်ငံ၏ သာယာစင်ကြယ် ငြိမ်းချမ်းလှပသော နေ့ရက် တစ်ရက်။

"ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံဂိမှေ – နွေလများတွင် နွေဦးအစဖြစ်သော၊ ကောင်းစွာပွင့်သော၊ ခက်ဖျားစုံရှိသော တောအုပ်သည်အသရေ ရှိဘိသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ပိဋကတ်ကို နိဗ္ဗာန ဓာတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ" ဟူ၍ ရတနသုတ်၌ နွေရာသီ၏ အဦးအစ အလှနှင့် အဓိပ္ပာယ်ကို နိဗ္ဗာနဓာတ် တရားမြတ်နှင့် ရှုပကပြုထားပါသည်။

ထိုနေ့သည်ကား ရုရှား–မြန်မာ ဆက်ဆံရေး သမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူ လိုက်နိုင်သော နေ့တစ်နေ့ပင်။ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက် အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေး ခရီးအစပြုရာ နေ့ရက်ပင်ဖြစ်ပါ၏။

### (၇၇)နှစ်တိုင် ကြာမြင့်ခဲ့ပြီ

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင် ရွက်မှုတို့မှာ နွေးထွေးမြဲ နွေးထွေးဆဲ၊ နီးကပ်မြဲနီးကပ်နေဆဲပင်။ (၇၇)နှစ်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့သည့် သမိုင်းကြောင်း တစ်လျှောက် ယခင်ကာလများကလည်း ယခုလို မှတ်တိုင်များရှိခဲ့ဖူးသည်။ အတိတ် တွင် လှပသော သမိုင်းပုံရိပ်များရှိခဲ့သလို မျက်မှောက်ကာလတွင်လည်း ယခုလို မှတ်တိုင်အသစ်များ ထပ်မံစိုက်ထူနိုင်မှု မှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အပြန် အလှန် ထောက်မကူညီခဲ့မှုများအတွက် ပကတိအရှိတရားများဟု ဆိုရပါမည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား ဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကာကွယ်ရေး ဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ များနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါ အဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများ နှင့် တွေ့ဆုံဆွေးနွေးခြင်းများကို နိုင်ငံ တော်နှင့် ပြည်သူအကျိုးကို ရှေးရှု၍ မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသော သန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သော လုံ့လ ဥဿာဟတို့ဖြင့် အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ကြသည်။

### အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဦးဆောင် သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် နံနက်ပိုင်း တွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာ သည်။ ယင်းနေ့ ဒေသစံတော်ချိန် ညနေ ပိုင်းမှာပင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ ကြသည်။ မော်စကို၏ ရာသီဥတုမှာ ဆောင်းနှောင်းကာလဟု ဆိုရပါမည်။ အအေးဓာတ်မှာ သိသိသာသာ လွန်ကဲ ပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတရုံမျှရှိ၏။ သို့သော်ငြား အပူချိန်မှာ မိမိတို့နိုင်ငံ ရာသီဥတုနှင့် အတန်ငယ်ခြားနားသဖြင့် အနွေးထည်ထူထူကြီးများ ဝတ်ထားကြ သည်ကို တွေ့ရသည်။ နိုင်ငံတော် အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော် ကြီးများမှာ နာရီပေါင်းများစွာ ခရီးနှင်ခဲ့ရ သော်လည်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုး အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် ကြမည်ဟူသော အားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်။

> ❝ ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသော သဘောတူညီချက်များကို နှစ်နိုင်ငံပူးတွဲ ထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သော လုပ်ငန်းဆောင်တာများ ပါဝင်နေ ❞

အဆင့်မြင့် မြန်မာကိုယ်စားလှယ် အဖွဲ့အား ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာ နိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့က နွေးထွေး လှိုက်လှဲစွာ ဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း အနီရောင် လျှောက်လမ်း၏ လက်ယာဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား အသင့်အနေအထားဖြင့် စောင့် ဆိုင်းလျက်ရှိသည်။

ယင်းမှာ နိုင်ငံတော်အဆင့် ချစ်ကြည် ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ် အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုနေခြင်းပင် ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ ဆောင်ရွက်နေစဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်လျက် ဂုဏ်ပြုအလေးပြုသည်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ရုရှားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးက အကြီးအကဲအား ရုရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ နှင့် မိတ်ဆက်ပေးသည်။ အကြီးအကဲက လည်း မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက် ပေးခြင်းဖြင့် နှစ်နိုင်ငံ တာဝန်ရှိသူများ အကြား အပြန်အလှန်နွေးထွေးမှုတို့ စတင်သန္ဓေတည်ခဲ့ကြသည်။

ထိုနေ့ညနေပိုင်းမှာပင် အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော် ကို ဖူးမြော်ကြည်ညိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက မော်စကိုမြို့ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (၃-၃- ၂၀၂၅)

### ဘာသာ၊ သာသနာအပေါ် အလေးအမြတ်ပြု

အကြီးအကဲသည် သဒ္ဓမ္မဇောတိက သိမ်တော်အတွင်း၌ ကျောင်းထိုင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော် ကြည်ညိုပြီးသည်နှင့် ဘာသာ၊ သာသနာ အပေါ် အလေးအမြတ်ပြု ဦးထိပ်ထားသူ ပီပီ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့် သွားလာရေး အခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာ အတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းလျှောက်ထားလေသည်။ လိုအပ် ချက်များကို ဖြည့်ဆည်းနိုင်ရန် စီမံ ဆောင်ရွက်ပေးသည်။

မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓ စင်တာမှာ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော် ထွန်းကားပြန့်ပွားရေး အတွက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင် နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော် များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရနှင့် *စာမျက်နှာ ၉ သို့*

# နှစ်ပြည်ထောင် ရွှေ့ခရီး

❖ ခေါင်းဆောင်ချင်းချင်း၊ ချစ်ကြည်ခြင်းဖြင့်
အစိုးရချင်းချင်း၊ ဆက်ဆံခြင်းဖြင့်
ပြည်သူချင်းချင်း၊ ထိတွေ့ခြင်းဖြင့်
ရင်းနှီးခြင်း၊ ချစ်ကြည်ခြင်း
ယုံကြည်ခြင်း၊ နားလည်ခြင်း
ပူးပေါင်းခြင်း၊ လုပ်ဆောင်ခြင်း
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာတို့
မြန်မာ-ရုရှား၊ နှစ်ပြည်ကြားဝယ်
ထွန်းကားတိုးတက်ခဲ့ပြီ တကား။

❖ ရေခြား မြေကွာ၊ ရှိနေပါလည်း
ခင်ရာ ဆွေမျိုး၊ ဆတိုးရင်းနှီး
တိုးပြီး ပူးပေါင်း၊ အားကောင်းရွှေ့ဆက်
အဖက်ဖက်တည့်၊ တိုးတက်ခိုင်မာ
မဟာဗျူဟာအဆင့်၊ ထပ်ဆင့်မြှင့်လျက်
ဖွံ့ဖြိုးစေရန်၊ သန္နိဋ္ဌာန်ဖြင့်
ရည်သန်လုပ်ဆောင်နေသည်တကား။

❖ ဩော် … သူ့အရေး ကိုယ့်အရာ
သူ့အရာ ကိုယ့်အရေး
ခွဲမတွေးဘဲ၊ သွေးသားဟူဘိ
ခံယူသိလျက်
မိသားစုပမာ၊ အသိအကြားပြုကာ
ခိုင်မာသွေးစည်း၊ ရွှေ့ခရီးဝယ်
ပိုပြီး ကောင်းမွန်၊ သာလွန် ဂုဏ်ဖြိုး
အရပ်ရပ်ကို
ပေါင်းစပ်ဖော်ဆောင်နိုင်စေသော်ဝ်။
မြန်မာ-ရုရှား အကြည်တော်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

*စာမျက်နှာ ၈ မှ*

အပြည်ပြည်ဆိုင်ရာ သာသနာပြု တက္ကသိုလ် ပါမောက္ခ မဟာဌာနမှူး ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင် ဆေကိန္ဒတို့၏ ဩဝါဒကို ခံယူ၍ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးအား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှား နိုင်ငံတွင် ပညာတော်သင် ရောက်ရှိ နေသည့် သင်တန်းသားမိသားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် ၂၀၁၃ ခုနှစ် တွင် စတင်စီစဉ်ကာ ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချ အခမ်းအနားကြီး ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့အတူပင် မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာ ဖြင့် တရားအားထုတ်နိုင်ရန် သီတဂူ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ နိုင်ငံတော်အကြီးအကဲနှင့် ဇနီး၊ မြန်မာ သံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရဟန်းရှင်လူပြည်သူ များ၊ ရုရှားနိုင်ငံရောက် ပညာတော်သင် သင်တန်းသားအရာရှိများ စုပေါင်း လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲနှင့် အလှူရှင်များ က ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် များသာမက အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များအတွက်ပါ သာသနာ ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားရသည့် နေရာတစ်ခုဖြစ် ကြောင်း ဝမ်းမြောက်ကြည်နူးဖွယ် သိရှိ ရသည်။

ခရီးစဉ်ပထမနေ့ရက်မှာပင် မိမိတို့ အထွတ်အမြတ်ထားရာ ဘာသာတရား၏ အရိပ်အာဝါသကို ခိုလှုံလိုက်ရသဖြင့် ကိုယ်စားလှယ်တော်ကြီးများမှာ ရေခြား မြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ် ဓာတ်ခွန်အားများတိုးပွားလျက်ရှိသည်။ အချိန်မှာ ညဘက်သို့ ချဉ်းကပ်လာပြီ ဖြစ်ရာ အအေးဓာတ်က အနည်းငယ် ပိုလွှမ်းလာသလိုခံစားရသည်။ အခန်း တွင် အပူချိန်ကမူ အနွေးပေးစက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော် အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။ (၃-၃-၂၀၂၅)

အစွမ်းဖြင့် သင့်တင့်ရုံမျှရှိနေသည်။

**သာမန်ထက်ပိုသည့်**
**ချစ်ကြည်ရေးခရီးစဉ်**

ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခု ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေး သော တာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဆောင်ရွက်ချက်များပါသည်ကို တွေ့ရ သည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံ ဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ် လာသော သဘောတူညီချက်များကို နှစ်နိုင်ငံပူးတွဲ ထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သော လုပ်ငန်းဆောင်တာများ ပါဝင်နေသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆ ကြည့်ရုံနှင့်ပင် အမိနိုင်ငံကို တိုးတက် ဖြစ်ထွန်းစေချင်သည့် မည်သူ့ကိုမဆို အားမာန်များ နိုးကြားတက်ကြွလာသည် အထိ ခံစားရစေမည်ဖြစ်သည်။

ခရီးစဉ်ဒုတိယနေ့တွင် ဆောင်ရွက် ဖွယ်ရာတို့မှာ နံနက်မှညတိုင်သည်အထိ များပြားလှစွာ အသင့်စောင့်ကြိုနေကြ သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင် သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုးပြည်ကျိုး ရွက်သယ်ပိုးသည့် နေရာတွင် "စက္ကန့်လေးတွေ စိန်စီထား သည်"ဟု ဆိုရမတတ်ပင် အချိန်ကို တလေးတစား တန်ဖိုးထားကြပုံရ သည်။ အိပ်စက်အနားယူချိန် ဖြစ်သော် လည်း နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ မိမိတို့ အခန်းကဏ္ဍအလိုက် လိုအပ်သည်များ ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြလျက် ရှိသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင် ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန် နှင့်အမျှ ပြောင်းလဲလာနိုင်သည့် အချို့ အကြောင်းအရာများအတွက် မတိုင်မီ ကာလအထိ ပြင်ဆင်မှုကို မလျော့ကြ ချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင်အားကြိုး မာန်တက် ဆောင်ရွက်ကြလျက်ရှိသည်။

အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့ မှာပင် အနားမယူနိုင်သေးဘဲ လုပ်ငန်း တာဝန်များ တရစပ် ဆောင်ရွက်နေ သော်လည်း မောပန်းနွမ်းနယ်ဟန် မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

**ပန်းတိုင်သို့ချီရာလမ်းဝယ်**

ပန်းတိုင်သို့ချီရာလမ်းဝယ် အကြီး အကဲနှင့်တကွ သူ၏ကိုယ်စားလှယ်တော် ကြီးများမှာ အမိနိုင်ငံတော်အကျိုး အတွက် တစ်ရံမလပ် စိတ်ကိုနှစ်၍ ရှေးရှုဆောင်ရွက်နေကြပုံမှာ ရှေ့သွား နောက်လိုက် ညီကြပါပေသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော် နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသော ရည်မှန်းချက် ကသာလျှင် အပြည့်အဝ နေရာယူထား ကြပုံရသည်။

ခရီးစဉ်၏ ပထမဆုံးသောနေ့ဟုဆို သည့်တိုင် သည်သို့လျှင် ပညာ၊ သဒ္ဓါ၊ ဝီရိယတည်းဟူသော အင်္ဂါရပ်သုံးတန် ဖြင့် အရှိန်အဟုန်ကောင်းစွာ ကြိုတင် ပြင်ဆင်ဆောင်ရွက်နေမှုများက အမိ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေ မည့် ရလဒ်ကောင်းများလည်း ထွက်ပေါ် လာတော့မည်ကို ထင်ရှားစွာပြဆိုနေပါ သတည်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ် ၃ ရက်တွင် သွားရောက်ရာမှ ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး YMBA အသင်းသူ အသင်းသားများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးသွားရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ထူးခြားကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို များစွာရယူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကိုသွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ – ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ပိုမိုတည်မြဲစေရေး သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားသမ္မတကြီးအပါအဝင် ရုရှားနိုင်ငံရှိ အဆင့်မြင့်ခေါင်းဆောင်ကြီးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အပြင် ရုရှား–မြန်မာနှစ်နိုင်ငံ ပိုမိုယုံကြည်စိတ်ချရသည့် ရင်းနှီးသော မိတ်ဆွေကောင်းနိုင်ငံများအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)

## မြန်မာနိုင်ငံပဟာသပညာရှင်များအစည်းအရုံး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ – ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေးတို့ကို ခိုင်မာသည့်ဆက်ဆံရေးအဖြစ် ဖန်တီးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ မြန်မာ–ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်များကို များစွာ နှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် မြန်မာနိုင်ငံပဟာသပညာရှင်များအစည်းအရုံးက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပဟာသပညာရှင်များအစည်းအရုံး

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာ-ရုရှား ပိုမိုကောင်းမွန်သည့် မဟာမိတ်ဆက်ဆံရေးအား ဖန်တီးနိုင်ခဲ့ပါသည်။ ထို့ကဲ့သို့ သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပိန္နဲကုန်းရခိုင်ဂျာမေဗလီက သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်းထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာ ဆွေးနွေး ညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း **လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)** က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာ့ရိုးရာအာဟာရမွတ်စလင်မ်ဘာသာရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် မြန်မာ့ရိုးရာအာဟာရမွတ်စလင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

မြန်မာ့ရိုးရာအာဟာရမွတ်စလင်မ်ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုဖြင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုသည့်အတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာ့ရိုးရာ... 

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား - မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အာကာသအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် မတ် ၉

နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ မတ် ၁၀ ရက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ (ငြိမ်း) ဦးတင်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ဝင် (ငြိမ်း) ဦးညွန့်တင်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက (၁၅)နှစ်တာကာလအတွင်း ကော်မရှင်အသီးသီးမှ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကော်မရှင်၏ မှားယွင်းသော လုပ်ဆောင်ချက်များကို သုံးသပ်၍ လာမည့် အထွေထွေရွေးကောက်ပွဲကို ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပြီး ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့်လည်း အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်သိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ကော်မရှင်ရုံးဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လိုအပ်သည့်အပိုင်းများ၌ ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယဆင့်) နှင့် (တတိယဆင့်)ရရှိသည့်ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သောင်းကျန်းသူများ၏ အန္တရာယ်များကြားက တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် ဌာနပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခဲ့သူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ စုစုပေါင်းဝန်ထမ်း ၁၁ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိသူ တစ်ဦး စုစုပေါင်း ဝန်ထမ်းမိသားစုဝင် သုံးဦး တို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်း၊ ကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိဆုမဲများနှင့် ဆုငွေများ ဗလာမပါကံစမ်းမဲဖောက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် နိုင်ငံအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာရရှိလာတော့မှာ ဖြစ်ပါတယ်

**ဦးဇော်ဇော်နိုင်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သောအဖွဲ့သည် မတ် ၃ ရက်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။**


ဦးဇော်ဇော်နိုင်


ဒေါ်နီနီအောင်


ဒိန်းဒေါင်


ဒေါ်နန်းခင်မွေး


နောင်တော်လေး


ဦးအောင်ကျော်စိုးမိုး

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ချစ်ကြည်ရေးခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားသံများကို ရေးသားဝေမျှလိုက်ရပါသည်။

**ဦးဇော်ဇော်နိုင် (ဥက္ကဋ္ဌ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာချုပ်များစွာချုပ်ဆိုပြီး ပြန်လာတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ ဒီစာချုပ်တွေကနေ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိကြပါလိမ့်မယ်။ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတွေဟာ ကမ္ဘာမှာနည်းပညာမြင့်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်မှုတွေကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ကနေ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒီလိုကြိုဆိုခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

**ဒေါ်နီနီအောင်( ဒေသခံပြည်သူ)**

ကျွန်မကတော့ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ကနေ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံကို သွားတဲ့အချိန်ကစပြီး ရုပ်မြင်သံကြားကနေ အမြဲမပြတ်စောင့်ကြည့်နေခဲ့ပါတယ်။ နောက်ပြီး ရုရှားနိုင်ငံက ခေါင်းဆောင်နဲ့ ကျွန်မတို့နိုင်ငံအကြီးအကဲနဲ့ တွေ့ဆုံတဲ့အချိန်မှာ နိုင်ငံအတွက်လည်း အများကြီးဂုဏ်ယူမိခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်မှုများစွာရှိလာတော့မယ်လို့ ခံစားမိပါတယ်။ ဒီနေ့မှာ ဝမ်းသာပီတိအပြုံးတွေနဲ့အတူ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။

**ဒိန်းဒေါင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး-ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ကြီး နိုင်ငံခြားခရီးစဉ်သွားတဲ့ သတင်းကို အမြဲကြည့်ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ လုပ်ဆောင်ချက်တွေအားလုံးကို ကျွန်တော်သိထားတဲ့ အသိအမြင်လေးနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင်အလွန်တရာ ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာမယ်လို့ မြင်မိပါတယ်။ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် ဝမ်းပန်းတသာနဲ့ လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီး အမြန်ဆုံးအေးချမ်းသာယာဝပြောပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းပြီး အလုံးစုံချမ်းသာကြွယ်ဝမှုပြည့်စုံမှုကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဒေါ်နန်းခင်မွေး(စည်းရုံးရေးမှူး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး-ဗဟို)**

ကျွန်မတို့သဘင်အစည်းအရုံးအနေနဲ့ မြန်မာ-ရုရှား ချစ်ကြည်ရေးအခွန့်ရှည် တည်တံ့ခိုင်မြဲပါစေလို့ ဆုမွန်ခြွေဖို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ ခရီးစဉ်တွေကို ရုပ်မြင်သံကြားကနေ ကြည့်ဖြစ်ခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အံ့ဩဝမ်းသာမိပါတယ်။ ဂုဏ်ယူစရာလည်းဖြစ်ပါတယ်။ ဒါကြောင့် သဘင်အစည်းအရုံးမိသားစုတွေအနေနဲ့ ဂုဏ်ပြုကြိုဆိုကြဖို့ ကြိုးစားပြီး လာရောက်ကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**နောင်တော်လေး(အယ်ဒီတာချုပ်၊ Myanmar National Post)**

ကျွန်တော့်အနေနဲ့ ဒီနေ့ကြိုဆိုပွဲကို မီဒီယာသမားတစ်ယောက်အနေနဲ့ရော သီးခြားဂုဏ်ပြုတဲ့အနေနဲ့ပါ ဝမ်းမြောက်ဝမ်းသာလာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်ရလဒ်တွေကို ကြည့်ဖြစ်ပါတယ်။ တရုတ်နိုင်ငံကို သွားတုန်းကလည်း နှစ်နိုင်ငံအကျိုးစီးပွားအတွက် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့တယ်။ အခုဒီခရီးစဉ်ကျတော့ ပိုပြီးထူးခြားလေးနက်ပါတယ်။ ခရီးစဉ်မှာ ရလဒ်ကောင်းတွေရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရဲ့အနာဂတ်အတွက် အများကြီးမျှော်လင့်လို့ရခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေက ဒီလိုမျိုးရှေ့ကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေရော ပြည်သူတွေကပါ ဒီအပေါ်မှာ တစ်သွေးတည်းတစ်သားတည်းဖြစ်ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးအောင်ကျော်စိုးမိုး (ဦးစီးအရာရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန)**

ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ကို ချစ်ကြည်ရေးခရီးသွားရောက်တွေ့ဆုံပြီး ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် ရလဒ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာစွာနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုစေမယ့် MoU လက်မှတ်တွေကို ရေးထိုးနိုင်ခဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်။ အခုလိုနိုင်ငံတော်အဆင့် ကြိုဆိုခွင့်ရတဲ့အတွက်လည်း ဝန်ကြီးဌာနကိုယ်စား တာဝန်ကျေတယ်လို့ ခံစားမိပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကျော်ထိန်အေး**

# မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းမျိုးသစ်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်း

**နေပြည်တော် မတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် (ထုံးဘို)ရှိ ပုဂ္ဂလိက ဝက်မွေးမြူရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများ အကြံပြု ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြူဝန်းခြံ အသားတိုးနွားမျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်နှင့် သရုပ်ပြခြံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသမျိုးရင်း အသားတိုးနွားများအား ပိုမိုကောင်းမွန်သော မျိုးကောင်းမျိုးသန့်များအဖြစ် မွေးမြူထုတ်လုပ်၍ မွေးမြူသူများထံဖြန့်ဝေပေးရန်၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် အစာနုအစာကြမ်းနှင့် ကောက်ရိုးချဉ်ဖတ်များ လုံလောက်စွာ ထုတ်လုပ်ကြရန်၊ တိရစ္ဆာန်သောက်သုံးရေ အပြည့်အဝရရှိစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပန့် ရေတင်စနစ်ကို အသုံးပြုဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအားလုံး တစ်ပြေးညီတာဝန်ပေး၍ စနစ်တကျစီမံခန့်ခွဲပြီး မျှတစွာအုပ်ချုပ်ရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်း ဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်အဖြစ် စီမံဆောင်ရွက်နေမှုကို အထောက်အကူဖြစ်စေရန်အတွက် ထူးခြားဆန်းပြားသော ပန်းမျိုးများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မေမြို့ပန်းများအား မျိုးစပ်မျိုးမြှင့်စိုက်ပျိုးနည်းပညာပေးခြင်း လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန်၊ ရေမြေဒေသနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးနည်းပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ မျိုးရင်းတူဒေသသစ်ခွမျိုးများကို မျိုးစပ်၍ ခေတ်နှင့်အညီ မျိုးသစ်များရှာဖွေဖော်ထုတ်ရန်၊ သစ်ခွပန်းမျိုးများ အရောင်ကွဲအလိုက် ရွေးချယ်စုဆောင်းပြီး အသွင်သဏ္ဍာန်မျိုး ထူးခြားသည့်မျိုးသစ်များ သုတေသနပြုဖော်ထုတ်ရန်နှင့် ပြင်ဦးလွင် စတော်ဘယ်ရီ မူရင်းမျိုးများအား ထိန်းသိမ်းမျိုးပွားခြင်းကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိ ဂျိုင်း(ကော့ကရိတ်)တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၉**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိ ဂျိုင်း (ကော့ကရိတ်) တံတားအရှည် ၁၉၇၃ ပေ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တံတား၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဂျိုင်း(ကော့ကရိတ်) တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့က တံတားကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်းပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဂျိုင်း(ကော့ကရိတ်) တံတား အဟောင်းသည် သက်တမ်းကြာမြင့်လာပြီး တံတားခံနိုင်ဝန်အား ကန့်သတ်ချက်ရှိလာသည့်အတွက် တံတားဟောင်းနေရာတွင် ဂျပန်နည်းပညာဖြင့် တံတားအသစ်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ သက်သာသောအတိုးနှုန်း ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဂျိုင်း (ကော့ကရိတ်) တံတားသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး(East–West Economic Corridor) ပေါ်တွင် တည်ဆောက်ထားသော သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး အရှည် ၁၉၇၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၄ လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ၁ ဒသမ ၂ မီတာစီဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေရှိပြီး ရေလမ်းကင်းလွတ် အကျယ် ၅၉၁ ပေရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန် ဖြစ်ပြီး တံတား၏ ပင်မရေလယ်တိုင်(Pylon)ကို ဂျပန်နည်းပညာ Steel Shell နှင့် Concrete ပေါင်းစပ်ထားသည့် Extradosed Bridge အမျိုးအစား ဖြစ်သည်။

ယခုကဲ့သို့တံတားများကို တည်ဆောက်ခြင်းအားဖြင့် အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးကိုအသုံးပြု၍ မြဝတီ – ဘားအံမှတစ်ဆင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သောကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုမည့်အပြင် အာဆီယံ … [see note] 




ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သာကေတမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစား သင်တန်းများဖွင့်ပွဲကို မတ် ၇ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်ကြသည်။



အဆိုပါ နွေရာသီအားကစား သင်တန်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ခရစ်ကတ်၊ အမျိုးသမီးဖူဆယ်၊ ရိုးရာခြင်းလုံး၊ ဟော်ကီတို့ကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ဒလမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို မတ် ၆ ရက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်သည်။




အသိပညာပေး ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်နိုင်လင်းက ယနေ့ကမ္ဘာတွင် သစ်တောမီး၊ တောင်ယာမီး၊ စိုက်ပျိုးရေးမီး၊ အမှိုက်ပုံမီး အစရှိသည့် မီးလောင်ကျွမ်းမှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ် ပစ္စည်းဥစ္စာများ ဆုံးရှုံးရခြင်း၊ မလိုလားအပ်သည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် အခြားဓာတ်ငွေ့များ လေထုထဲတွင် ပေါင်းစပ်ဖြစ်ပေါ်လာသည့် အရာများကို မီးခိုးမြူငွေ့ညစ်ညမ်းမှု အကြောင်း ရှင်းလင်းပြောကြားသည်။

**ခင်စန္ဒာမြင့်**

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့

World Consumer Rights Day 2025

လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့

A Just Transition to Sustainable Lifestyles

၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့်ပြိုင်ပွဲ ရန်ကုန်၌ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၉**

ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲအား ရန်ကုန်၌ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၄)၌ ပြုလုပ်သည်။ **(ယာပုံ)**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကဏ္ဍအလိုက် ကြိုတင်ဆောင်ရွက်ထားရှိရမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲပြိုင်ပွဲကို ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီးကော်မတီ၏ ညွှန်ကြားမှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့်ပြိုင်ပွဲကျင်းပမည့်နေရာအား




ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

MSME ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု စသည့်အကျိုးကျေးဇူးများ ရရှိစေသည့် ပြပွဲ၊ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ MSME လုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့် အစားထိုးနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေးနှင့် အလုပ်အကိုင်ပေါများစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြခန်းများအနေဖြင့် ဝန်ကြီးဌာနပြခန်းများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ပြခန်းများ၊ တိုင်းရင်းဆေးပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံထုတ်ကုန်များ၊ ပြည်ပပို့ကုန်ပစ္စည်းများ၊ ထုတ်ကုန်အမယ်သစ်များ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုထုတ်ကုန်များ၊ OROP ထုတ်ကုန်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် MSME ထုတ်ကုန်များ၊ ဒေသရိုးရာအစားအစာရောင်းချဆိုင်များ၊ ဆီကုန်သည်များအသင်း၊ ဆီစက်ပိုင်ရှင်များအသင်း စသည့်အသင်းအဖွဲ့များမှ ပြခန်းများနှင့် ဈေးအရောင်းဆိုင်များ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ထုတ်ကုန်အမယ်သစ်ဆု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆု၊ တီထွင်ဆန်းသစ်မှုဆု၊ အကောင်းဆုံးပြခန်းဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး MSME ဆု စသည်ဖြင့် ဆုအမျိုးအစား ငါးမျိုးအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုဖြင့် စုစုပေါင်း ၁၅ ဆု ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် စတိတ်ရှိုးဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၉**

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့– ရွှေကုက္ကိုလ် မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၂၁၄ ဦးကို မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တဲ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



အလားတူ မြဝတီမြို့–မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၄၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ၊ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၈၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၁၈၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ဘက်ပေါင်းစုံ ကြိုးပမ်းဆောင်ရွက်

**ထားဝယ် မတ် ၉**

"တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို က နှစ်စဉ်မတ်လ ၈ ရက်နေ့ ရောက်တိုင်း "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် နိုင်ငံတကာတွင် အခမ်းအနားများ ကျင်းပသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မြန်မာအမျိုးသမီးများ၏ အရေးပါသောအခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံတော်အဆင့်အခမ်းအနား ကျင်းပသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အခမ်းအနားများ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်မားတိုးတက်စေရန်၊ ရသင့်ရထိုက်သောအခွင့်အရေးများ တန်းတူညီမျှရရှိစေရန်အတွက် ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံမှ အတည်ပြုချမှတ်ခဲ့သော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂)ရပ်ပါဝင်သည့် ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နှင့်ဘေဂျင်းလုပ်ငန်းစီမံချက်၊ ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against Women–CEDAW)၊ ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂကချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals–SDG) စသော နိုင်ငံတကာအဆင့် ကတိကဝတ်ပြုထားမှုများကို နိုင်ငံအဆင့်တွင် ဥပဒေ၊ မူဝါဒလုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women – NSPAW) Phase II အား ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိရန်၊ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဘက်ပေါင်းစုံက တတ်နိုင်သရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယိုကလစ်ကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ အောင်မြင်တိုးတက်မှုများ မှတ်တမ်းဗီဒီယိုကို လည်းကောင်း၊ ထားဝယ်မူလတန်းကြိုကျောင်းမှ သားငယ်/သမီးငယ်များက "ရွှေမြန်မာ" တေးသီချင်းဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးဝန်ထမ်းများက "မောင်းမကန်သူ" တေးသီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင်ရက်သတ္တပတ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာ Star Cinema ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် မြဝတီမီဒီယာစင်တာမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တာဝန်ရှိသူများက ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အခမ်းအနားမှူးများက မြန်မာ့ရုပ်ရှင် ရက်သတ္တပတ် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ် ကြော်ငြာဗီဒီယိုကလစ်ကို မြဝတီမီဒီယာစင်တာ Outdoor LED ၌ ပြသမှုကို ကြည့်ရှုအားပေးကြပြီး ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားများ ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုကြသည်။

မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်အဖြစ် မတ် ၉ ရက်မှ ၂၉ ရက်အတွင်း နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ညနေ ၄ နာရီတို့တွင် ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများကို မြဝတီမီဒီယာစင်တာရှိ Star Cinema ရုပ်ရှင်ရုံ၌ ပြန်လည်ပြသသွားမည်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားသည်။

**ပြသသွားမည်**

ထိုသို့ ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများ ပြသရာတွင် မတ် ၉ ရက်မှ ၁၁ ရက်အထိ ဘိုးတော်ကင်းဇာတ်ကား၊ မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကား၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ မီး ဇာတ်ကား၊ မတ် ၂၀ ရက်မှ ၂၂ ရက်အထိ နှောင်ဇာတ်ကား၊ မတ် ၂၃ ရက်မှ ၂၅ ရက်အထိ အိပ်မက်ကာရန် ဇာတ်ကား၊ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ တိမ်ပန်းချီ ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟ**





## လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ၌ နှမ်းစပါးသီးနှံအတွက် သွင်းအားစုများပေးအပ်

**နေပြည်တော် မတ် ၉**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ရှားချောင်းကျေးရွာအုပ်စု၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးအတွက် သွင်းအားစုများ ပေးအပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောဝင်းက လယ်ဝေးမြို့နယ်အတွက် နွေစပါးသွင်းအားစုများ ပေးအပ်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှားချောင်းကျေးရွာအုပ်စုအတွင်းရှိ နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။ **(အပေါ်ပုံ)**

လယ်ဝေးမြို့နယ်အတွင်း နွေစပါးစိုက်ဧက ၁၇၆၀၁ ဧက စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ရာ သွင်းအားစုများ တောင်သူလက်ဝယ် အချိန်မီရောက်ရှိစေရန် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အရည်အသွေးပြည့်မီသောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဆည်၊ ကန်များတွင် ရေပြည့်မှတ်အထိ သိုလှောင်ထားပြီးဖြစ်၍ စိုက်ပျိုးရေ ပြည့်ဝစွာရရှိရေးနှင့် အလေအလွင့်မရှိစေရေးတို့အတွက် တောင်သူပညာပေး ဆွေးနွေးပွဲများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းများလည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၅၂၂ အိတ်နှင့် ဆန်ကြမ်း ၂၃ အိတ် စုစုပေါင်း ၅၄၅ အိတ်၊ ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၁၈၄ ပိဿာကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် GW-11 နွေစပါး သုံးဧက စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

**ကျောက်ဆည် မတ် ၉**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသား တောင်သူ ဦးကျော်ငွေထွန်း၏ ကွင်းအမှတ်၂၀၈(က)၊ ဦးပိုင်အမှတ်၂၆/၅ လယ်မြေသုံးဧကတွင် ကောက်စိုက်စက်ဖြင့် GW-11 နွေစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသည် မြို့နယ်သမဝါယမအသင်းစုရုံးသို့ သွားရောက်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှဝန်ထမ်းများ၊ သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် တွေ့ဆုံကာ မြို့နယ်သမဝါယမဦးစီးဌာနလုပ်ငန်းများ အောင်မြင်ရေးနှင့် အခြေခံသမဝါယမအသင်းသားများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ်က ကူညီပံ့ပိုး




ရန်ကုန် မတ် ၉

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီက ကူညီပံ့ပိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက Novotel Yangon Max ဟိုတယ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဆီးဂိမ်းပြိုင်ပွဲ အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇတို့က ကျပ်သိန်း ၁၀၀၀ စီ လှူဒါန်းသည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီက ငွေကျပ်သိန်းတစ်သောင်း ကူညီပံ့ပိုးမည့် သဘောတူစာချုပ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း စုစုပေါင်း လေးသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အောင်မြင်မှုရယူနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာ ယူ - ၂၂ အမျိုးသား ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတို့ကို ဂျပန်နည်းပြ၊ မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းကို ထိုင်းနိုင်ငံသားနည်းပြတို့ ခန့်အပ်ထားပြီး လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းအတွက်လည်း နည်းပြသစ်တစ်ဦး မကြာမီခန့်အပ်သွားမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-သော်လေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Mg Aye Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ အောင်မြတ်လင်းအား ည ၈ နာရီ ၄၀ မိနစ်တွင် ပြည်မြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ စားသောက်ဆိုင်များ၊ လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးအကြံပြုခြင်းလုပ်ငန်းများကို မတ် ၈ ရက်က ခရိုင်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးကျော်နိုင်လင်းနှင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက်ရှိလူနေအိမ်များနှင့် FIT လမ်းရှိ Zay Bar & BBQ စားသောက်ဆိုင်တို့အား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်စဉ်။ ဒီပါလင်း



## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့၊ ညောင်ပင်သာမြို့ မြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Lifan မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်အတွင်း၌ တရားမဝင် ရေနံစိမ်း ကိုးဂါလန်နှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၅၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၃၁၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၇ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်လမ်းဆုံ၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Kenbo 110 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၄၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၇၇၁ တန်၊ သစ်မာ ၀ ဒသမ ၀၂၈ တန်၊ မီးသွေး ၁၆ ဒသမ ၆၄၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၃၉၁၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဂန့်ဂေါမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Aumark II Light Truck တစ်စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ သံရွာအထွက် လမ်းဘေးတစ်နေရာ၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၄၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၃၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မတ် ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ပန်ခန်းတံတားအနီး၌ မော်တော်ယာဉ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၅၄၄၄၁၂ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်ကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကလောင်ရှင် မင်းဟိန်းကျော်၏ လက်ရာအား ဂုဏ်ယူစွာဖြင့် ဖော်ပြအပ်ပါသည်။






## မြို့နယ်သံဃနာယကအဖွဲ့ရုံးဆောက်လုပ်ရန် အလှူငွေပေးအပ်

**ရွှေဘို မတ် ၉**

ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ မြို့နယ်သံဃနာယကအဖွဲ့ရုံး ဆောက်လုပ်ရန် အလှူငွေပေးအပ်ခြင်းနှင့် ပန္နက်တော်တင်မင်္ဂလာခမ်းအနားကို ယမန်နေ့က ပြုလုပ် ရာ ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေး ဦးဆောင်ကာ အမှတ်(၅)စစ်နယ်မြေမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေ့နံများအတိုင်း ပန္နက်တော်များ တင်ပေးခဲ့သည်။ အဆိုပါအဆောက်အအုံကို အလျား ၃၆ ပေ၊ မျက်နှာစာအခန်းဖွင့် ၂၇ ပေ(နားနေခန်းတစ်ခန်းအပါ)တစ်ထပ် သံကူကရစ်၊ Steel Structure အမိုးဖြင့် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကာ ရွှေဘိုခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ရွှေဘိုတပ်နယ်မှူးနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များက စုပေါင်းကနဦးမတည်လှူဒါန်းငွေကျပ် ၃၇၀၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ကြက်နှင့်ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြည်နယ်ရန်ပုံငွေဖြင့် မော်ဖောင်းကျေးရွာ ကွက်သစ်ဖော်ထုတ်နေမှုအား ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မတ် ၉**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မော်ဖောင်းကျေးရွာကွက်သစ်ဖော်ထုတ်နေမှုများအား သွားရောက် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ငအိုးကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရင်းနှီးမတည်ပေးမှုဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိသော တောင်သူဦးဆင်ဝါးနော်၏ မွေးမြူရေးခြံ၌ အသားတိုးဝက်ကောင်ရေ ၉၀ မွေးမြူထားရှိမှု၊ ကြက်ခြံများအတွင်း အသားစားကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အသားစားကြက်များ တိုးချဲ့မွေးမြူနိုင်ရေး ကြက်ခြံသစ် တည်ဆောက်သွားမည့် အစီအစဉ်များနှင့် ကြက်သားပေါက်များ မှာယူရရှိရေး၊ ကြက်စာနှင့် မွေးမြူရေးဆေးဝါးများ ပံ့ပိုးကူညီပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် (၂၈၂) အတွင်း ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာအတွက် ဖော်ထုတ်ပေးလျက်ရှိသော မြေဧရိယာ ၃၄ ဧကအတွင်း စက်ယန္တရားကြီးများဖြင့် မြေယာရှင်းလင်းပြီး ပေ ၃၀ အကျယ်လမ်းများ ဖောက်လုပ်နေမှု၊ ရေကျော်တံတားများ တည်ဆောက်နေမှုနှင့် မြေဧရိယာအတွင်း လျာထားအကွက်ချမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေဆင်းနေရာများတွင် ရေမြောင်းများ စနစ်တကျ တူးဖော်ပေးနိုင်ရေးနှင့် အကွက်ချမြေဧရိယာအတွင်း လူနေအိမ်မြေကွက်များသာမက ဈေး၊ ပန်းခြံနှင့် ကစားကွင်းများပါ ထည့်သွင်းလျာထားပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# (၆၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၆၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ဆွေးနွေးပွဲတွင် ၂၀၂၄-၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်မှုအခြေအနေ၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်ရရှိရေးအတွက် မြေဆီလွှာအာဟာရဓာတ်စီမံခန့်ခွဲခြင်း၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်ရရှိရေး ရေစီမံခန့်ခွဲမှုနည်းစနစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အွန်လိုင်းမှ တက်ရောက်၍ နေကြာသီးနှံ လျာထားဧရိယာ ပြည့်မီရေးအတွက် မိမိတွေ့ရှိချက် လေ့လာချက်များအရ နေကြာစပ်မျိုးများအပြင် ဆင်းရွှေကြာ-၂ ကို အသုံးပြုရန် တိုက်တွန်းလိုပါကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်များတွင် ခရိုင်မြို့နယ်များအလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်၍ ဆင်းရွှေကြာ-၂ နေကြာမျိုးကို စံပွင့်များ ရွေးချယ်စိုက်ပျိုးကာ မျိုးစေ့ထုတ်ရန်တိုက်တွန်းလိုပါကြောင်း၊ ဂေဟစနစ်ကောင်း မကောင်းကို သိရှိနိုင်သော အညွှန်းသီးနှံပင်အဖြစ် အသုံးပြုနိုင်ပါကြောင်း၊နေကြာသီးနှံကို ဂေဟစနစ်ပြန်လည်ကျန်းမာလာစေရေး အထောက်အကူပြုစိုက်ပျိုးရမည့် သီးနှံဖြစ်သည်ကို အားလုံးသိရှိထားရန်လိုအပ်ကြောင်း၊ ဆီထွက်သီးနှံ ပန်းတိုင်အထွက်ရရှိရေးအတွက် တောင်သူကြီးများ၏ သီးနှံဆိုင်ရာ အသိပညာ၊ ဗဟုသုတများကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာသန်းက ၂၀၂၄-၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာနီနီတင့်က ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေဆီလွှာအာဟာရဓာတ် စီမံခန့်ခွဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဒေါက်တာ အောင်ကျော်သူက ဆီထွက်သီးနှံများ ပန်းတိုင်အထွက်ရရှိရေး ရေစီမံခန့်ခွဲမှုနည်းစနစ်ဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးသည်။

ယနေ့ ကျင်းပသည့် (၆၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေတွင်းမှ စိုက်ပျိုးရေးပညာရှင် ၅၅ ဦးနှင့် တောင်သူ ၄၀ တို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်နှင့် တောင်သူ ၁၂၅ ဦးတို့က Zoom point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အဲလ်ဖရက်ဒ်ကြောင့် ဩစတြေးလျနိုင်ငံ ပြည်နယ်နှစ်ခုတွင် ရေကြီး

**ဆစ်ဒနီ မတ် ၉**
ဩစတြေးလျနိုင်ငံ ကွင်းစလန်းနှင့် နယူးဆောက်ဝေးလ်ပြည်နယ် (NSW) တို့တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အဲလ်ဖရက်ဒ် တိုက်ခတ်မှုကြောင့် ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဆိုင်ကလုန်း အဲလ်ဖရက်ဒ်သည် မတ် ၈ ရက် ညနေပိုင်းတွင် အရှေ့တောင်ဘက် ကွင်းစလန်းကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကာ မတ် ၉ ရက်တွင် ကုန်းတွင်းပိုင်းသို့ ထပ်မံရွေ့လျားဝင်ရောက်ခဲ့ပြီးနောက် အားလျော့သွားပြီဖြစ်ကြောင်း ဩစတြေးလျ မိုးလေဝသဌာနက မတ် ၉ ရက် မွန်းလွဲပိုင်းက ထုတ်ပြန်ခဲ့သည်။

မိုးလေဝသဗျူရိုက ကွင်းစလန်းပြည်နယ် အရှေ့တောင်ပိုင်း၊ ကွန်ဒါမိုင်းနှင့် မြစ်ကမ်းနီးတစ်လျှောက် ဒေသများတွင် ဘရီမာမြစ်နှင့် ဝါရဲလ်ချောင်းတစ်လျှောက် နောက်ထပ်အဓိက ရေကြီးမှုသတိပေးချက်နှင့် အချို့နေရာများတွင် လေပြင်းသတိပေးချက်နှင့် ပြင်းထန်သော မိုးကြိုးမုန်တိုင်းသတိပေးချက်တို့ကို ထုတ်ပြန်ခဲ့သည်။

နယူးဆောက်ဝေးလ်ပြည်နယ်တွင် အစိုးရကျောင်း ၂၅၄ ကျောင်းကို မတ် ၁၀ ရက်အထိ ပိတ်ထားရန် စီစဉ်ထားသည်။ ကွင်းစလန်းပြည်နယ်တွင်လည်း အစိုးရကျောင်းပေါင်း ၄၂၄ ကျောင်း၊ ပုဂ္ဂလိကကျောင်း ၁၇၀နှင့် ကက်သလစ်ကျောင်း ၈၉ကျောင်းတို့ကို ပိတ်ထားကြောင်း ကြေညာထားသည်။

ထို့အတူ ကွင်းစလန်းပြည်နယ်တွင် အိမ်ခြေ ၂၃၇၀၀၀ နှင့် စီးပွားရေးလုပ်ငန်းများတွင် လျှပ်စစ်မီးပြတ်တောက်နေဆဲဖြစ်ကာ နယူးဆောက်ဝေးလ်ပြည်နယ်မြောက်ပိုင်းရှိ အိမ်ခြေ ၁၂၅၀၀ သည် မတ် ၉ ရက် မွန်းလွဲပိုင်းအထိ လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။



ဆိုင်ကလုန်းအဲလ်ဖရက်ဒ်ကြောင့် နယူးဆောက်ဝေးလ်ပြည်နယ်မြောက်ပိုင်းတွင် မတ် ၇ ရက်မွန်းလွဲပိုင်းက အမျိုးသားတစ်ဦး ရေထဲမျောပါခဲ့ကြောင်း မတ် ၈ ရက်တွင် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ပိုင် ယာဉ်နှစ်စီးမတော်တဆဖြစ်ပွားခဲ့ကာ ၁၃ ဦး ဒဏ်ရာရခဲ့သည်။ **ဆင်ဟွာ**

# အာဂျင်တီးနားနိုင်ငံတောင်ပိုင်း၌ မုန်တိုင်းကြောင့်သေဆုံးသူ ၁၃ ဦး ရှိလာ

**၁၉၃၃ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး မိုးရွာသွန်းမှုအဖြစ် စံချိန်တင်**

**ဗျူနိုအေရိစ် မတ် ၉**
အာဂျင်တီးနားနိုင်ငံ တောင်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ဘာဟီရာဘလန်ကာတွင် မတ် ၇ ရက်က အင်အားပြင်းထန်သည့် မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ သေဆုံးသူ ၁၃ ဦးအထိရှိလာသည်ဟု ဒေသခံအာဏာပိုင်များက မတ် ၈ ရက်တွင် ပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ကိုင်နေဆဲဖြစ်သည့်အတွက် သေဆုံးသူဦးရေ ထပ်တိုးလာနိုင်သေးသည်ဟု သတိပေးထားသည်။ မုန်တိုင်းကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး မြို့ပတ်ဝန်းကျင် ဧရိယာနှင့် မြို့အတွင်းကို ပိတ်ထားခဲ့ရသည်။ လူဦးရေ ၁၀၅၉ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဒေါက်တာဂျို့စ်ပန်နာ အထွေထွေရောဂါကုဆေးရုံတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်အတွက် မွေးကင်းစကလေးငယ်များ အပါအဝင် လူနာများကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။ အရေးပေါ်ကယ်ဆယ်ရေး ဝန်ထမ်းများကို အာဂျင်တီးနားအစိုးရက ဖြန့်ကြက်ထားပြီး အမျိုးသားနှင့် ပြည်နယ် တာဝန်ရှိသူများက ကယ်ဆယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



မြို့ကိုပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဟု ဗျူနိုအေရိစ်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီး ကာလို့စ်ဘီအန်ကိုက ပြောသည်။ လူအချို့မှာ အရာအားလုံးဆုံးရှုံးခဲ့ရသည်ဟု ၎င်းကဆက်ပြောသည်။ မုန်တိုင်းအရှိန်ကြောင့် နာရီပိုင်းအတွင်းမိုးရေချိန် ၁၁ ဒသမ ၈ လက်မမှ ၁၃ ဒသမ ၈ လက်မ အထိ ကျဆင်းခဲ့ပြီး ၁၉၃၃ ခုနှစ် နောက်ပိုင်း အပြင်းထန်ဆုံး မိုးရွာသွန်းမှုအဖြစ် စံချိန်တင်ခဲ့သည်။ **ဆင်ဟွာ**

# ယခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၃ ဒသမ ၉ သန်းကျော် ဝင်ရောက်

**ဟနွိုင်း မတ် ၉**
ယခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၃ ဒသမ ၉ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း အထွေထွေစာရင်းအင်းရုံးကို ကိုးကားပြီး မတ် ၈ ရက်တွင် ဒေသတွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းမှတစ်ဆင့် နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ၃ ဒသမ ၄ သန်းခန့်ရှိကြောင်း၊ ယင်းမှာ နိုင်ငံတကာခရီးသွားဝင်ရောက်မှု စုစုပေါင်း၏ ၈၅ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ကုန်းလမ်းမှတစ်ဆင့် ၄၆၇၂၀၀ (၁၁ ဒသမ ၈ ရာခိုင်နှုန်း) နှင့် ပင်လယ်လမ်းကြောင်းမှ တစ်ဆင့် ၉၉၄၀၀ (၂ ဒသမ ၅ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများအနက် အာရှဒေသမှ ၃ သန်းကျော်ဖြင့် အများဆုံးဖြစ်ကာ ယမန်နှစ်ကထက် ၃၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ပထမနှစ်လအတွင်း ခရီးသွားလုပ်ငန်းမှ ရရှိသော ဝင်ငွေမှာ ဗီယက်နမ် ဒေါင် ၁၄ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၇ သန်းခန့်) ရှိပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ **ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ၌ ၅၈ ခုမြောက် ကျားထိန်းသိမ်းရေးနယ်မြေ တည်ထောင်

**နယူးဒေလီ မတ် ၉**
အိန္ဒိယနိုင်ငံ၌ ကျားထိန်းသိမ်းရေးနယ်မြေ ၅၈ ခုကို တည်ထောင်ထားကြောင်း တာဝန်ရှိသူများက မတ် ၉ ရက်တွင် ပြောကြားသည်။

ယခုနောက်ဆုံး တည်ထောင်လိုက်သည့် ၅၈ခုမြောက်မှာ အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ မတ်ဒဗ်ကျားထိန်းသိမ်းရေး နယ်မြေဖြစ်ကြောင်း အိန္ဒိယနိုင်ငံသဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဘူပန်ဒါရာဒဗ်က ပြောသည်။

မတ်ဒဗ်ကျားထိန်းသိမ်းရေးနယ်မြေသည် မတ်ဒြာပရာဒတ်ရှ်ပြည်နယ်ရှိ ကိုးခုမြောက် ကျားထိန်းသိမ်းရေး နယ်မြေဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက မိမိတို့အနေဖြင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ရန်နှင့် ရေရှည်တည်တံ့သော ကမ္ဘာမြေကိုဖော်ဆောင်ရာတွင် ရှေ့တန်းမှအမြဲရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

# ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ အရှိန်မြှင့်ရန် ဒိုဟာမြို့သို့ အစ္စရေးကိုယ်စားလှယ်စေလွှတ်မည်

**ဂျေရုဆလင် မတ် ၉**
ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးနိုင်ရေးနှင့် ဟားမားစ်တို့ ဖမ်းဆီးထားသည့် အစ္စရေးဓားစာခံများ ပြန်လည်လွှတ်မြောက်ရေးတို့အတွက် ဆွေးနွေးပွဲအရှိန်မြှင့်တင်ရန် မတ် ၁၀ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့သို့ အစ္စရေးကိုယ်စားလှယ်အဖွဲ့စေလွှတ်မည်ဟု မတ် ၈ ရက်တွင် အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

အမေရိကန်ကို ကျောထောက်နောက်ခံပြု ကြားဝင်ညှိနှိုင်းပေးသည့်နိုင်ငံများ၏ ဖိတ်ကြားချက်ကို အစ္စရေးက လက်ခံခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဒုတိယအဆင့်အတွက် စေ့စပ်ညှိနှိုင်းမှုများနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် လက္ခဏာများရှိကြောင်း ဟားမားစ်တို့က မတ် ၈ ရက်တွင်ပြောသည်။

ကြားဝင်ညှိနှိုင်းပေးသည့် နိုင်ငံများဖြစ်သည့် အီဂျစ်နှင့် ကာတာနိုင်ငံတို့၏ ကြိုးပမ်းအားထုတ်မှုများဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အပြီးသတ်အကောင်အထည်ဖော်ရန်နှင့် အပြုသဘောဆောင်သည့် ကိစ္စရပ်များနှင့်အတူ ဒုတိယအဆင့်အတွက် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိသည်ဟု ဟားမားစ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလာတစ်ဖ် အယ်ကာနူက ပြောသည်။

ပါလက်စတိုင်းပြည်သူများ၏ တောင်းဆိုချက်များနှင့် ကိုက်ညီမှုရှိသည့် ဆွေးနွေးမှုများတွင် ဟားမားစ်အဖွဲ့ပါဝင်ရန် အဆင်သင့်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တောင်ငူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

**တောင်ငူ မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၇ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြည်သူ့စစ်မှုထမ်း ဥပဒေရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားသူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တောင်ငူမြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ (မြို့ပြ) အဖွဲ့ဝင်များအား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များကို မတ် ၅ ရက်က ကန်တော်လေး(တောင်) ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကန်တော်လေး(တောင်)ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး ဦးမောင်မောင်က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# သံဖြူဇရပ်မြို့နယ်၌ မဲစာရင်းမှန်ကန်ရေးနှင့် မြေပြင်လူဦးရေစိစစ်အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်း

**သံဖြူဇရပ် မတ် ၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မဲစာရင်းမှန်ကန်ရေးနှင့် မြေပြင်လူဦးရေ စိစစ်အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၇ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က သံဖြူဇရပ်မြို့နယ်အတွင်းရှိ လူဦးရေစာရင်းများ မှန်ကန်တိကျရေး ဌာနဆိုင်ရာများအနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးခိုင်နှင့် တာဝန်ရှိသူများက မြေပြင်စာရင်းတိကျမှန်ကန်စေရေး စာရင်းများ စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်နှင့်အထက် စာရင်းများကို တိကျမှန်ကန်စွာ ကောက်ယူပြီး စာရင်းပြုစုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချ

**ညောင်တုန်း မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် လေလံတင်ရောင်းချခြင်းကို မတ် ၇ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၌ ပြုလုပ်သည်။

အဆိုပါ လေလံပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌက စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင် ၂၁ ခုကို ပထမအကြိမ် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာ ကြမ်းခင်းဈေးထက် ကျပ် ၅၁ ဒသမ ၂၆၇ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်၌ မြန်မာ့သနပ်ခါးအကြောင်း ဟောပြော

**မော်လမြိုင် မတ် ၉**

မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအထိမ်းအမှတ် မြန်မာသနပ်ခါးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို မတ် ၇ ရက်က မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)



ဟောပြောပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်တင်ရီက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက နှစ်စဉ်တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားကြောင်းနှင့် နိုင်ငံတော်အစိုးရက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာ့သနပ်ခါးပင်၏ ဆေးဖက်ဝင်ပုံများ၊ မြန်မာ့ဓလေ့နှင့်အညီ သနပ်ခါးအပေါ် ချစ်မြတ်နိုးမှု၊ အသုံးပြုမှု စသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ထုတ်ပေး

**ပုသိမ် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ပုသိမ်ဟိုတယ်မှ အာမခံအလုပ်သမား ဦးကျော်ရဲလင်း၏ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုကြောင့် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို မတ် ၆ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးကျော်ရဲလင်း၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် သိန်း ၁၁၀ နှင့် နာရေးစရိတ် ငွေကျပ် ၁၁သိန်း စုစုပေါင်း ငွေကျပ် ၁၂၁ သိန်းကို ကျန်ရစ်သူမိသားစုထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မိတ္ထီလာမြို့ရှိ မိတ္ထီလာ - ရန်ကုန်ကားလမ်းပိုင်း သန့်ရှင်းသာယာရေးဆောင်ရွက်

**မိတ္ထီလာ မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာ-ရန်ကုန်ကားလမ်းမ မြို့မရပ်ကွက် မြို့လယ်ဘုရားလမ်းဆုံမှ ရွှေဘုံသာဘုရားအနီးအထိ ပလတ်စတစ် အမှိုက်ကင်းစင်ရေးနှင့် ကားလမ်း သန့်ရှင်းသာယာရေး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မတ် ၆ ရက်တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါကားလမ်းမတစ်လျှောက် အမှိုက်များကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်သာယာရေးအဖွဲ့ သန့်ရှင်းရေးလုပ်သားများက သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## သထုံမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**သထုံ မတ် ၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မိုးကောင်း-ဖော်ဖ-ကရင်လေးဆိပ် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၃၆ ဒသမ ၇၀၀ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန် ၁၅ ရက်မှ စတင်ကာ လေးကေသား ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မတ် ၁၂ ရက်နဲ့ ၁၃ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ ရလဒ်ကောင်းရရှိထားတဲ့ အသင်းတွေအနေနဲ့ ဒုတိယအကျော့မှာ ရော ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့်**

**၁၂-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့**

ဘာစီလိုနာ - ဘင်ဖီကာ
လေဗာကူဆင် - ဘိုင်ယန်မြူးနစ်
အင်တာ - ဖီယင်နု
လီဗာပူး - ပီအက်စ်ဂျီ

**၁၃-၃-၂၀၂၅ ကြာသပတေးနေ့**

လိုင်လီ - ဒေါ့မွန်
အာဆင်နယ် - ပီအက်စ်ဗွီ
ဗီလာ - ဘရုဂ်ဂေး
အေတီမက် - ရီးရဲမက်ဒရစ်

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### ဘာစီလိုနာ ၁ Vs ၀ ဘင်ဖီကာ — နံနက် ၁၂း၁၅

ပထမအကျော့မှာ ဘာစီလိုနာက တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲရရှိထားတယ်ဆိုပေမယ့် ပြတ်သားတဲ့ ရလဒ်ထွက်ပေါ်ထားခြင်း မရှိသေးတာကြောင့် ဒီပွဲစဉ်က အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ သို့သော်ငြား ဘာစီလိုနာ အိမ်ကွင်းမှာတော့ ဘင်ဖီကာ ရှုန်းကန်ရနိုင်တယ်။

### လေဗာကူဆင် ၀ Vs ၃ မြူးနစ် — နံနက် ၂း၃၀

ပထမအကျော့မှာ မြူးနစ်က သုံးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် လေဗာကူဆင်အသင်း နောက်တစ်ဆင့်တက်ဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။ လေဗာကူဆင်အသင်း နိုင်ဖွယ်ရာရှိပေမယ့် နောက်တစ်ဆင့်ကို မြူးနစ်အသင်း တက်မယ်။

### အင်တာ ၂ Vs ၀ ဖီယင်နု — နံနက် ၂း၃၀

ပထမအကျော့မှာ နှစ်ဂိုးပြတ် အနိုင်ရရှိထားတဲ့ အင်တာက အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ ခြေစွမ်းအသာနဲ့ ပွဲကိုထိန်းချုပ်ကစားဖွယ်ရှိတယ်။ ဖီယင်နုအသင်း ခြေစွမ်းပြသနိုင်ခဲ့လျှင်တောင် နောက်တစ်ဆင့်ကို အင်တာမီလန် တက်မယ်။

### လီဗာပူး ၁ Vs ၀ ပီအက်စ်ဂျီ — နံနက် ၂း၃၀

ပထမအကျော့မှာ လီဗာပူးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတယ်ဆိုပေမယ့် ခြေစွမ်းက အားရစရာမရှိဘူး။ ပြတ်သားတဲ့ ရလဒ်ထွက်ပေါ်ထားခြင်းမရှိတာကြောင့် အကြိတ်အနယ်ရှိလာနိုင်တယ်။ လီဗာပူးထက် ပီအက်စ်ဂျီ နိုင်ဖွယ်ရာရှိတယ်။

### လိုင်လီ ၁ Vs ၁ ဒေါ့မွန် — နံနက် ၁၂း၁၅

ခြေရည်တူ နှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အပြင် ပထမအကျော့မှာလည်း ပြတ်သားတဲ့ ရလဒ်ထွက်ပေါ်ထားခြင်း မရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ခြေစွမ်းသာတဲ့ အသင်းထက် အဆုံးသတ်သေချာတဲ့အသင်းနိုင်ပွဲရပြီး နောက်တစ်ဆင့်တက်မယ်။

### အာဆင်နယ် ၇ Vs ၁ ပီအက်စ်ဗွီ — နံနက် ၂း၃၀

ပီအက်စ်ဗွီက အာဆင်နယ်အိမ်ကွင်းကို သွားရောက်ကစားရမှာ ဖြစ်တဲ့အပြင် ပထမအကျော့မှာလည်း ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် နိုင်ပွဲရလျှင်တောင် နောက်တစ်ဆင့်တက်ဖို့ မသေချာဘူး။ ပီအက်စ်ဗွီရဲ့ ရှုန်းအားကြောင့် အာဆင်နယ် ခက်ခက်ခဲခဲကစားရနိုင်တယ်။

### ဗီလာ ၃ Vs ၁ ဘရုဂ်ဂေး — နံနက် ၂း၃၀

ဗီလာက ပထမအကျော့မှာခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတယ်။ ဘရုဂ်ဂေးရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် အေဆန်စီယို၊ ရက်ဖို့ဒ်တို့လို ထိပ်တန်းအဆင့်ကစားသမားတွေရှိတဲ့ ဗီလာကို ကျော်ဖြတ်ဖို့ ခက်မယ်။ ဗီလာ နောက်တစ်ဆင့်တက်မယ်။

### အေတီမက် ၁ Vs ၂ ရီးရဲမက်ဒရစ် — နံနက် ၂း၃၀

ပထမအကျော့မှာ ရီးရဲမက်ဒရစ်က အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတယ်။ နှစ်သင်းစလုံးမှာ ထိပ်တန်းအဆင့်ကစားသမားတွေ အများအပြားရှိတာကြောင့် ခြေစွမ်းသာတဲ့ အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။



## အင်ဒီးယန်းဝဲလ်စ်အိုးပင်း ၆၄ ဦးအဆင့်တွင် ဘယ်လာရုစ်တင်းနစ်မယ်က ကက်စလာကို အနိုင်ရ

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘယ်လင်ကာက အမေရိကန်တင်းနစ်မယ် ကက်စလာကို အနိုင်ယူကျော်ဖြတ်ပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆာဘယ်လင်ကာက ပြိုင်ဘက်ကက်စလာကို အကြိတ်အနယ်ကစားပြီး ၇-၆ (၇-၄)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ သို့သော်လည်း ဒိန်းမတ်တင်းနစ်မယ် ကလဲရားတော်ဆင်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ဆာဘယ်လင်ကာသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် အီတလီတင်းနစ်မယ် လူစီယာ ဘရွန်ဇက်တီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## အသင်းဆရာဝန်သေဆုံးမှုကြောင့် ဘာစီလိုနာနှင့် အိုဆာဆူနာအသင်းပွဲစဉ် ရွှေ့ဆိုင်း

ဘာစီလိုနာပထမအသင်းဆရာဝန် ကားလ်စ်မီနာရိုဂါစီယာ ကွယ်လွန်သွားသည့်အတွက် ဘာစီလိုနာနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်ကို မတ် ၉ ရက် နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော်လည်း ယင်းဖြစ်ရပ်ကြောင့် ပြိုင်ပွဲမစတင်မီ မိနစ် ၂၀ ခန့်အလိုတွင် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ဂါစီယာသည် လူတိုင်းက အလွန်ချစ်ခင်လေးစားရသည့် လူတစ်ဦးဖြစ်ပြီး အသင်းတည်းခိုသည့် ဟိုတယ်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက ပြောသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြထားနိုင်သည့် အသင်းဖြစ်ပြီး လာလီဂါ ၂၆ ပွဲကစားပြီး ရမှတ် ၅၇ မှတ်အထိ စုဆောင်းထားနိုင်သည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ပထမအကျော့တွင်လည်း ပြိုင်ဘက်ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည့်အတွက် နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ထားသည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- မန်ယူအသင်းအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မာတီတာ (၂၇ နှစ်) ကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၄၀ ကုန်ကျနိုင်သည်။
- စပါးအသင်းက ဘုန်းမောက်အသင်းမှ ဂါနာတောင်ပံကစားသမား အန်တိုနီ ဆီမီညို (၂၅ နှစ်) ကို ပေါင် ၃၃ ဒသမ ၆ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်နေသည်။
- ဗြိတိန်တင်းနစ်အကျော်အမော်နော်ရီက အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်ကစားသမား လီဟက်ခါကို ၃-၆၊ ၆-၄၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

မိုးဇက် - စုစည်းသည်

---

မတ် ၁၁ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် ပွဲစဉ် (၂၈) မှ ဝက်စ်ဟမ်းနဲ့ နယူးကာဆယ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရထားပြီး နယူးကာဆယ်က နောက်ဆုံး နှစ်ပွဲဆက် ရှုံးနိမ့်ထားတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၂၈)**
**၁၁-၃-၂၀၂၅ အင်္ဂါနေ့**
ဝက်စ်ဟမ်း - နယူးကာဆယ်
နံနက် ၂း၃၀

# ကာဆယ်ရဲ့တိုက်စစ်ကို အိမ်ကွင်းမှာ ဝက်စ်ဟမ်း ထိန်းချုပ်သွားနိုင်မလား



ဘိုဝင် (၂၈နှစ်)

**ဝက်စ်ဟမ်း (တိုက်စစ်)**

၂၃ ပွဲကစား၊ ၇ ဂိုးသွင်း

### ဝက်စ်ဟမ်း Vs နယူးကာဆယ်

ဝက်စ်ဟမ်းက ဒီရာသီအိမ်ကွင်းမှာကစားခဲ့တဲ့ လိဂ် ၁၄ ပွဲမှာ ခုနစ်ပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါ့အပြင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးရလဒ်ရရှိထားတယ်။ ပြိုင်ဘက်နယူးကာဆယ်က ဒီရာသီအဝေးကွင်း လိဂ် ၁၄ ပွဲမှာ ငါးပွဲ ရှုံးနိမ့်ထားတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်ပြီး သုံးပွဲရှုံးနိမ့်ထားတယ်။ ဝက်စ်ဟမ်းမှာ အဓိကထားစောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ဘိုဝင်ရှိပြီး လိဂ် ၂၃ ပွဲကစားပြီး ခုနစ်ဂိုးသွင်းကာ လေးကြိမ်ဂိုးဖန်တီးထားတယ်။ နယူးကာဆယ်အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် အီဆတ်ရှိပြီး လိဂ် ၂၄ ပွဲမှာ ၁၉ ဂိုးသွင်းကာ ငါးကြိမ် ဂိုးဖန်တီးထားတယ်။ မည်သို့ပင်ဆိုစေ နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ကြိုးပမ်းလာမယ့် နယူးကာဆယ်အသင်းရဲ့ တိုက်စစ်ကို အိမ်ရှင်ဝက်စ်ဟမ်းအသင်း ထိန်းချုပ်ဖို့ခက်ခဲလိမ့်မယ်။

**ဝက်စ်ဟမ်းနဲ့ ကာဆယ်တို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ကာဆယ် | ၀ - ၂ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ကာဆယ် | ၄ - ၃ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၂ - ၂ | ကာဆယ် | ပရီမီယာလိဂ် |



အီဆတ် (၂၅ နှစ်)

**ကာဆယ် (တိုက်စစ်)**

၂၄ ပွဲကစား၊ ၁၉ ဂိုးသွင်း

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ခဲ့သောအိမ်ရာရှိ တိုက်ခန်းများ၊ ဌာနမှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ အမည်ပေါက်ကွယ်လွန်၍ ဖခင်ဖြစ်သူမှ လည်းကောင်း၊ အမည်ပေါက်မှ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား လည်းကောင်း၊ အမည်ပေါက်ထံမှလည်းကောင်း၊ အမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူများမှ ၎င်းတို့၏အမည်ဖြင့် အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများ နှင့်အတူ ကြော်ငြာသည့် နေ့မှ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဦးတင်ဦး ၁၂/သဃက(နိုင်)၁၂၄၀၄၅ (မှ) | ဒေါ်ဇနေနောန် ၄/ဖလန(နိုင်)၀၀၃၂၂၃ | တိုက် (B-15)၊ အခန်း(503)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ |
| ၂။ | ဒေါ်မြမြ ၁၂/ဗဟန(နိုင်)၀၅၈၄၂၉ (မှ) ဦးကျော်ဝင်း ၁၂/မရက(နိုင်)၀၁၃၀၀၇ (မှ) | ဒေါ်သန်းသန်းဦး ၁၂/မဂဒ(နိုင်)၀၁၃၃၁၆ | တိုက်(B-12)၊ အခန်း (403)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ |
| ၃။ | ဒေါ်နှင်းဝါဝါ ၁၂/ကတတ(နိုင်)၀၂၃၂၄၁ (မှ) | ဒေါ်ခင်သူဇာဝင်း(ခ)သူဇာဝင်း ၁၂/မရက(နိုင်)၀၅၉၃၂၄ | တိုက် (E)၊ အခန်း (801)၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၄။ | ဦးမိုဟာမက်ဗိုင်ဆယ်F/RGN-၀၁၆၅၀၂ (မှ) ဒေါ်မြသန္တာ ၁၂/ဒဂန(နိုင်)၀၁၈၇၀၃ (မှ) ဒေါ်လီပေါက်စင်း ၁၃/လရန(နိုင်)၀၀၅၂၈၂(မှ) | ဒေါ်ချိန်ကွေလင် ၁၃/လရန(နိုင်)၀၅၃၈၉၁ | တိုက် (၄၁)၊ အခန်း (၂၂)၊ ဇဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။ |
| ၅။ | ဦးတင်ထွဋ် ၁၂/ပဘတ(နိုင်)၀၂၆၉၄၅ ဒေါ်ငွေငွေရီ ၇/ပမန(ဧည့်)၀၀၀၁၈၁ | အဆောက်အအုံနေထိုင်ခွင့်စာချုပ်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် | တိုက် (၃၀၃/၃၁၃)၊ အခန်း(၁၁)၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၆။ | ဦးတင်မောင် ၁၂/လသန(နိုင်)၀၁၇၂၅၉ (မှ) | ဦးထွန်းတင် ၁၂/လသန(နိုင်)၀၀၇၀၅၃ | တိုက် (B)၊ အခန်း (407)၊ ရတနာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၇။ | ဦးမင်းညွန့် (ကွယ်လွန်) ၁၂/အစန(နိုင်)၀၅၄၈၄၈ (မှ) | ဦးရွှေရိုး ၁၂/အစန(နိုင်)၀၅၄၂၅၆ | တိုက် (B-6)၊ အခန်း (202)၊ ဟံသာဝတီအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၈။ | ကန်ထရိုက်တာ ဦးကျော်လှ ၁၂/ဗတထ(နိုင်)၀၃၀၀၉၆၉ (ကစ) ဦးအောင်ကျော်လှ ၁၂/တမန(နိုင်)၀၈၀၃၉၅(မှ) | ဦးအာရ်ဖွန်း ၁၂/ပဘတ(နိုင်)၀၁၅၂၂၂ | တိုက်(၃၈/၄၂)၊ အခန်း (၆ လွှာ/ယာစွန်)၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ် |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၀

ဒေါ်မေဝါလင်း — နှင့် — ဦးတင်လှ

**တရားလို** — **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် (၇၇-၃/၈၆)၊ ၅၇ - ဘီလမ်း၊ ၁၀၃ x ၁၀၄ လမ်းကြား နေ ဦးတင်လှ (ဘ) ဦးစံညွန့်၊ KLO-012013 (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မေဝါလင်းက "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၇၇-၃)၊ ဦးပိုင်အမှတ် (၈၇)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးတင်လှ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၂၇x၆၀)ပေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၀)ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၄)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၅

ဦးဇင်လင်းသန့် — နှင့် — ဒေါ်ထွေးတင်

**တရားလို** — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဗ-၃/၁၅၉)၊ ကံသာယာရပ်ကွက်နေ ဦးချစ်စိန် ၏ သမီးဖြစ်သူ ဒေါ်ထွေးတင် ( EMDY - 272416 ) (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇင်လင်းသန့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁၅၉)၊ ဧရိယာ (၀.၀၃၀၉)ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် (၁၂)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မဂျီဂျာဆိုင်းပန် )
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## လယ်ဝေးမြို့နယ်၌ ကာယပညာနှင့်အားကစားနည်းပြ (မွမ်းမံ)သင်တန်း(၁ / ၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၉**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကာယပညာနှင့် အားကစားနည်းပြ (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)၌ ကျင်းပသည်။




ဦးစွာ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်စိုးက ယခုလိုသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှ အခြေခံနည်းပြ၊ ဒိုင်သင်တန်းနှင့် မွမ်းမံသင်တန်းဆင်း ကာယပညာဆရာ ဆရာမများ၏ ကွန်ရက်အစည်းအဝေးများ ကျင်းပပြီး အားကစားကဏ္ဍ တိုးတက်ရေး ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်စေလိုပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များတွင် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းဆရာ ဆရာမများကို ပြုစုပျိုးထောင်ပေးလျက်ရှိပြီး အားကစားထူးချွန်သည့် နိုင်ငံ့သားကောင်းမျိုးဆက်သစ်များပေါ်ထွန်းလာပြီး ကိုယ်ကာယကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှုများနှင့် ပြည့်စုံသည့် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခု သင်ကြားပေးလိုက်သည့် အားကစားနည်းများအပြင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲအမှတ် (၁၊ ၂၊ ၃၊ ၄) နှင့် Fitness Dance များကို မိမိဒေသ ပညာရေးကောလိပ်များသို့ ရောက်ရှိသည့်အခါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဆရာအတတ်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်စိုးနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး အားကစားနည်းအလိုက် ကြိုးစားဆောင်ရွက်မှုနှင့် အတိုးတက်ဆုံးဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မွမ်းမံသင်တန်းတွင် ပညာရေး ဒီဂရီကောလိပ်များမှ နည်းပြဆရာ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ နည်းပြများက ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၉ ရက်အထိ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေကြည် (ပြန်/ဆက်)

## လက်ပံတန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကြက်များမွေးမြူထားရှိ

**လက်ပံတန်း မတ် ၉**

သမဝါယမမွေးမြူရေးကဏ္ဍက စားသုံးသူပြည်သူများ အသားစားသုံးမှု ဖူလုံစေရန်နှင့် ဈေးနှုန်းချိုသာစွာဝယ်ယူစားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လက်ပံတန်းမြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးများမွေးမြူထားရှိသည့်အပြင် တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေကျပ်သိန်း ၂၅၀ ရယူ၍ ကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မြစ်သားမြို့နယ်၌ မိုးကြိုဝါစိုက်ပျိုး

**မြစ်သား မတ် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုဝါ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြိုင်ကုန်းကျေးရွာရှိ မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းသားတောင်သူများ၏ မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို မတ် ၅ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက တောင်သူဦးကြီးများအား သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာကျင့်သုံး စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ရေရရှိရေးနှင့်နည်းပညာရယူနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

## မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ၁ လမ်း၊ ၇၃လမ်းနှင့် ၇၆ လမ်းကြား အကျဉ်းဦးစီးဌာန (မန္တလေးဗဟိုအကျဉ်းထောင်)ရှိ တပ်ဖွဲ့ဝင် ၁၅၀၊ မိသားစုဝင် ၅၀ တို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်သော သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂



❒ *ကျောဖုံးမှ*

နိုင်ပွဲပျောက်ဆုံးမှုကိုအဆုံးသတ်ရန် ခြေကုန်ထုတ်လာသော ဘရန့်ဖို့ဒ်အသင်းသည် အက်စ်တွန်ဗီလာအသင်းကိုအကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့်အပိုင်အခွင့်အရေးများကို အသင်းကစားသမားများက ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပြိုင်ဘက်အက်စ်တွန်ဗီလာအသင်းက ယခုအနိုင်ပွဲကြောင့် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲနှင့်အတူ လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် အားကောင်းလာခဲ့သည်။

ပွဲကစားချိန် မိနစ် ၅၀ တွင် အက်စ်တွန်ဗီလာကစားသမား မော်ဂန်ရော်ဂျာ၏သွင်းဂိုးကို ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ အက်စ်တွန်ဗီလာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူခဲ့သော ဝတ်ကင်စ်သည် ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပရီမီယာလိဂ် ခုနစ်ပွဲတွင် ခြောက်ဂိုး သွင်းယူထားနိုင်ပြီဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၂၉ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၅ မှတ်နှင့်အတူ အဆင့်(၄)ဖြင့် ရာသီပိတ်သိမ်းနိုင်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။ ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၈ ပွဲကစားပြီးချိန်တွင် ရှုံးပွဲ ၁၂ ပွဲ ရှိလာပြီဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ် (၂၈) မှ မတ် ၉ ရက် နံနက် ၂ နာရီခွဲတွင် ဝုဖ်နှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

## Royal Sayarsan (High Rise Building) Condominium

## အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများနှင့်ပတ်သက်၍ ဦးဖုံရှောက်စု (ခ) ဦးစံဝင်း [၁၃/မနန(နိုင်)၀၀၉၄၁၈]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၈၂)ဟုခေါ်တွင်သည့် Royal Sayarsan (High Rise Building) Condominium သည် မြေရှင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း (ဘ) ဦးဖုံလျှိုတာ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အမှတ် [၃၇-ဘီ (၁)] နှင့် [၃၇-ဘီ(၂)]ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်ပါသည်။

မြေရှင် ဦးဖုံရှောက်စု(ခ) ဦးစံဝင်း (မန်နေဂျင်းဒါရိုက်တာ၊ သန်းထိုက်လူကျော်ကျော်မျက်ရတနာကုမ္ပဏီလီမိတက်)သည် ဦးဇော်ဦး [၁၂/လမတ(နိုင်)၀၀၂၁၄၃] (မန်နေဂျင်းဒါရိုက်တာ နေ့သစ်ကံလင်းကုမ္ပဏီလီမိတက်) နှင့် (၂၄-၁၀-၂၀၁၄)ရက်စွဲပါ "Royal Sayarsan (2 Basement + 24 Story) Condominium Project တည်ဆောက်ရေးလုပ်ငန်းအတွက် ကန်ထရိုက်ငွားရမ်းတာဝန်ပေးရန် လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်" ချုပ်ဆို၍ Royal Sayarsan (High Rise Building) Condominium ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

Royal Sayarsan (High Rise Building) Condominium တိုက်ခန်းများတွင် မြေရှင် ဦးဖုံရှောက်စု(ခ) ဦးစံဝင်း ရောင်းချပိုင်ခွင့်ရှိသည့် တိုက်ခန်း(၈၀)ထဲမှ (၂၆)ခန်းကို အောက်တွင်အမည်ဖော်ပြထားသည့် ဝယ်ယူသူများက မြေရှင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း ကိုယ်တိုင်နှင့် "ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" များချုပ်ဆို၍လည်းကောင်း၊ ဦးစံဝင်းမှတစ်ဆင့် ဆက်စပ်စာချုပ်များဖြင့်လည်းကောင်း သတ်မှတ်တန်ဖိုးများ အပြေအကျေပေးချေဝယ်ယူခဲ့ကြသဖြင့် အရောင်းအဝယ်စာချုပ်များတွင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်းနှင့် ကန်ထရိုက်တာတို့ လက်မှတ်ရေးထိုး ရောင်းချခဲ့ကြပြီးဖြစ်ပါသည်။

### တိုက်ခန်းဝယ်ယူသူများစာရင်း

| | | |
|---|---|---|
| ၁။ | ဦးပြည့်ဖြိုးအောင် [၇/ကတခ(နိုင်)၀၈၈၇၆၃] | အခန်း (၁၆-၀၂) |
| ၂။ | ဦးမျိုးမင်းလတ် [၁၂/သကတ(နိုင်)၁၄၅၈၁၉] | အခန်း (၇-၀၄) |
| ၃။ | ဒေါ်ချမ်းမြသူ [၉/မလန(နိုင်)၁၂၂၆၄] | အခန်း (၇-၀၂) |
| ၄။ | ဒေါ်ဆုယမင်းဝင်း [၁၂/ဗဟန(နိုင်)၀၀၈၂၁၅] | အခန်း (၉ -၀၃) |
| ၅။ | ဒေါ်သဉ္ဇာဦး [၁၂/တမန(နိုင်)၀၉၈၃၂၄] | အခန်း (၆ -၀၅) |
| ၆။ | ဦးအိုက်ဆမ်း | အခန်း (၁၈ -၀၅) |
| ၇။ | ဦးကျော်စိန်လင်း [၉ /မရတ(နိုင်)၁၀၆၁၀၆] | အခန်း (၁၈ -၀၆) |
| ၈။ | ဒေါ်မူမူနိုင် [၉/မရမ(နိုင်)၀၇၉၅၀၅] | အခန်း (၇-၀၃) |
| ၉။ | ဒေါ်သဉ္ဇာဝင်း [၈ /မထန(နိုင်)၀၉၅၁၃၅] | အခန်း (၇-၀၆) (၁၂-၀၂) (၁၈-၀၂) (၁၈-၀၈) (၁၉-၀၄) |
| ၁၀။ | ဒေါ်စိန်စိန်ဦး [၁၂/မဂတ(နိုင်)၀၇၃၃၃၄] | အခန်း (၁၂-၀၃) (၁၆-၀၁) |
| ၁၁။ | ဒေါ်သင်းနန္ဒာလွင် [၇/ကပက(နိုင်)၀၇၃၆၆၉] | အခန်း (၁၆-၀၂) |
| ၁၂။ | ဦးမြတ်ဇော် [၁၂/ပဇတ(နိုင်)၀၂၃၇၇၆]<br>ဒေါ်ခင်သီတာသာမြင့် [၁၂/ရကန(နိုင်)၀၂၃၀၀၁] | အခန်း (၉-၀၁) |
| ၁၃။ | ဦးဟိန်းဝင်းကိုကို [၁၂/ကတတ(နိုင်)၀၂၆၉၄၇] | အခန်း (၆-၀၈) |
| ၁၄။ | ဦးအောင်သက်ဝင်း [၉/မကန(နိုင်)၀၈၇၁၇၂]<br>ဒေါ်သန္တာစိုး [၉ /မကန(နိုင်)၁၂၆၄၀၉] | အခန်း (၁၁ -၀၁) |
| ၁၅။ | ဦးထူးရဲကျော်နိုင် [၁၂/သဃက(နိုင်)၁၅၉၁၃၁]<br>Maxi Million Trading Co.,Ltd. | အခန်း (G-01) |
| ၁၆။ | ဒေါ်တင်တင်ချို [၇/ သနပ(နိုင်)၀၁၄၉၈၃) | အခန်း (၁၇-၀၃) |
| ၁၇။ | ဦးသန့်စင်မောင် [၁၂/မဂတ(နိုင်)၀၉၃၇၉၈) | အခန်း (၆-၀၂ ) (၆-၀၃) (၆-၀၄) (၆-၀၆) |
| ၁၈။ | ဦးမျိုးဇော်ထွန်း [၁၂/မဂဒ(နိုင်)၁၃၆၉၃၃) | အခန်း (၁၆ -၀၈) |

(၃၀-၅-၂၀၁၉) နေ့တွင် Royal Sayarsan (High Rise Building) Condominium ၏ တိုက်ခန်းများအားလုံး အချောသပ်ပြီးစီးခဲ့သော်လည်း ဦးဖုံရှောက်စု (ခ) ဦးစံဝင်းက ဝယ်ယူသူများသို့ တိုက်ခန်းများ လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိပါ။ ဝယ်ယူသူများက မိမိတို့ဝယ်ယူထားသည့် တိုက်ခန်းများကို လက်ရောက်ပေးအပ်ရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဦးဖုံရှောက်စု(ခ) ဦးစံဝင်းက လက်ရောက်ပေးအပ်ခြင်းမရှိဘဲ (၆)နှစ်ကျော်ကြာမြင့်သည့်အချိန်အထိ အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းချိန်းဆိုနေခဲ့ပါသည်။

(၂၇-၁၁-၂၀၂၄)နေ့တွင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း၏ အမှတ်-၁၉၆၊ လှိုင်မဟာဆွေလမ်း၊ လှိုင်မြို့နယ်နေအိမ်၌ တိုက်ခန်းဝယ်ယူသူများနှင့် ဦးဖုံရှောက်စု (ခ) ဦးစံဝင်းတို့ နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ပြီး ဝယ်ယူသူများက တိုက်ခန်းများလက်ရောက်ပေးအပ်ရန် တောင်းဆိုခဲ့ရာတွင် ဦးစံဝင်းက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံးထား၍ ပေးအပ်ပါမည်ဖြစ်ကြောင်း ကတိပဋိညာဉ်ပြုခဲ့ပြီး ထိုရက်တွင် ပေးအပ်နိုင်ခြင်းမရှိပါက ဝယ်ယူသူတို့၏ သဘောဆန္ဒအတိုင်း လုပ်ဆောင်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်စာရင်းတွင် ဝယ်ယူသူများ၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့်တိုက်ခန်းများကို (၃၀-၃-၂၀၂၅)နေ့နောက်ဆုံးထား၍ ဝယ်ယူသူများသို့ လက်ရောက်ပေးအပ်ရန် တောင်းဆိုပါသည်။ ပေးအပ်ခြင်းမရှိ ပျက်ကွက်ပါက ဝယ်ယူသူများ၏ အရပ်ရပ်သောနစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဖုံရှောက်စု (ခ) ဦးစံဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်ဌေး (ကျုံမငေး)**

**B.A (Honours) (English), M.A (English), H.G.P, D.B.L, D.M.L, D.I.L, P.G.D.L, D.I.P.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၈) (၁၃-၇-၂၀၀၇)**

| | | |
|---|---|---|
| ဦးအင်ပို (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၆၇၁၅ (၂၃-၁၁-၁၉၉၈) | ဒေါ်စန်းဌေး (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၈၄၅၄ (၂၅-၁၀-၂၀၁၂) | ဒေါ်ဥမ္မာဆွေ (LL.B)<br>(D.B.L) (D.M.L) (D.I.L)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၇၈၄၁ (၁၈-၅-၂၀၁၀) |
| ဒေါ်စန္ဒာမြင့် (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၂၆၁၄ (၁-၆-၂၀၁၇) | ဦးစိုးမင်းအောင် (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၈၄၃၉ (၃၁-၁၀-၂၀၂၃) | ဒေါ်နွေးထွေးလှိုင် (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၈၄၉၅ (၃၁-၁၀-၂၀၂၃) |
| ဦးစံတင် (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၃၅၀၀ (၁၂-၁၀-၂၀၁၇) | ဒေါ်အေးအေးမာ (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၈၆၀၃ (၃၁-၁၀-၂၀၂၃) | ဒေါ်အေးအေးမွန် (LL.B)<br>တရားလွှတ်တော်ရှေ့နေ<br>စဉ်-၁၈၈၈၅ (၂၂-၁၂-၂၀၂၃) |

ရုံးခန်းလိပ်စာ - တိုက်-၁၉၊ စလွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၈၉၉၈၈၈၉၄၉၈၊ ၀၉-၄၂၁၀၀၃၁၅၂၊ ၀၉-၄၂၀၁၀၃၀၄၄၊ ၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၅၀၀၁၃၇၀




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၂၀)လမ်း၊ မြေကွက်အမှတ် (G/၂၂၅) ဟုခေါ်တွင်သော ဒေါ်စိန်အိ၊ ဦးညွန့်ဝင်း အမည်ပေါက်မြေကွက်အနက် အလျားXအနံ ( ၂၀X၆၀ ) ပေအကျယ်ရှိ (ခေါင်းရင်းခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ကြည်ကြည်ခိုင်(ဘ)ဦးအောင်သန်း ၁၂/သခန(နိုင်)၀၈၉၀၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့မွန်ဝင်း(ဘ)ဦးနေဝင်း ၇/တငန(နိုင်)၁၄၄၉၅၉က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာအရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် ( LL.B )**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B ) (စဉ် - ၁၈၇၂၆)** **(စဉ် - ၅၂၀၆၄)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့ ၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်သော(ဘ)ဦးမြတင်၏သား ဦးသက်နိုင်စိုး ၇/ပခန(နိုင်) ၃၄၃၃၉၁နှင့်(ဘ)ဦးလှရွှေ၏သမီး ဒေါ်ခိုင်မီမီသော် ၇/ဝမန(နိုင်) ၁၃၀၅၉၉တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင် မှုမရှိတော့ပါသဖြင့် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သည့်အတွက်(၈-၃-၂၀၂၅)ရက်တွင် နှစ်ဖက်မိဘ၊ အသိသက်သေလူကြီးများ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆို၍ ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါကြောင်းနှင့်ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်စိုးနှင့် ဒေါ်ခိုင်မီမီသော် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၁၇)**
**အမှတ်(၉၉၅)၊ ရွှေသာလျောင်းလမ်းမ၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၉၇၉၉၇၆၈၀၈**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငနုဖြူမြို့နယ်၊ အထက(၂)ငနုဖြူ Grade-8 မှ မမေဂျူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးနေလင်းဦး ၁၄/ငနဖ(နိုင်)၁၀၆၃၈၁ ဖြစ်ပါကြောင်း။

**ဦးနေလင်းဦး**
**၁၄/ငနဖ(နိုင်)၁၀၆၃၈၁**

## မိဘအမည်မှန်

မြဝတီမြို့နယ်၊ မူ(လွန်)မြေနီကုန်းကျောင်း Grade-3တွင် ပညာသင်ကြားနေသော မဆုမြတ်မွန်၏ မိဘအမည်မှန်မှာ ဦးကျော်မင်းလတ် ၁၀/ခဆန(နိုင်)၀၆၁၁၇၂-ဒေါ်တင်တင်ညို ၁၀/ပမန(နိုင်)၁၀၈၅၀၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/06148, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်းတန် ၃/ဘအန(နိုင်) ၃၇၇၅၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၅/မြောက်)၊ သိင်္ဂီ(၄)လမ်းမြောက်၊ မြေကွက်အမှတ်(၁၂၉-က)ဟုခေါ်တွင်သော အလျားXအနံ(၂၀X၆၀)ပေအကျယ်ရှိ ဒေါ်မြင့်မြင့်ကြူ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြင့်မြင့်ကြူ ၁၂/သကတ(နိုင်)၁၃၅၈၅၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဟေမာန်ဦး ၇/သဝတ(နိုင်)၀၉၆၂၃၆ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် ( LL.B )**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B )** **(စဉ် - ၅၂၀၆၄)**
**(စဉ် - ၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၉၊ ဦးပိုင်အမှတ် ၂၅၊ ၅၄လမ်း၊၄၃X ၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝါဝါနွယ် ၇/မလန(နိုင်)၀၆၃၂၂၁၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၄၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းသိန်း ၇/မလန(နိုင်)၀၆၃၂၂၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဒေါ်သီတာထွန်း **နှင့်** ဗိုလ်ကြီး ဝင်းခိုင်(ငြိမ်း)
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်နေ ဗိုလ်ကြီး ဝင်းခိုင်(ငြိမ်း)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာထွန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ ၂၄ရက်(၁၃၈၆ခုနှစ်၊ တပေါင်းလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်ထက်အောင်)**
**မြို့နယ်တရားသူကြီး**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် (၇၅၉)၊ ဦးပိုင်အမှတ် (၇-စ)၊ ၃၂လမ်း၊ ၇၀X၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ထွန်း ၁/ဗမန(နိုင်)၀၂၅၀၃၉က အမှုတွဲအမှတ်(၆၉၃၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၉၁၊ ဦးပိုင်အမှတ် ၂၂-ဏ/၇၀x၇၁ကြား၊ ၄၀x၄၁ကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အုံး ၉/မနမ(နိုင်)၀၄၅၇၁၈ကဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃/၁၆၊ အုတ်ဖိုလ်ကျင်း)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀.၁၄၄)ကေရှိမြေသည် ဒေါ်မမလေးအမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ်၊ RP NO. ၃၄၄ of 1971-1972(30 Years) မြေငှားဂရန်သက်တမ်းမှာ(၂၇-၅- ၂၀၀၃)မှ (၂၆-၅-၂၀၃၃) ရက်အထိဖြစ်ကြောင်း၊ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်မမလေး သည် (၉-၃-၂၀၁၆)ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး တူမအရင်းနှစ်ဦးဖြစ်သော ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်စန်းဝင်းတို့မှ အမွေဆက်ခံသူတစ်စုံတစ်ဦးမျှမရှိပါကြောင်း စစ်ကိုင်းခရိုင် တရားရုံးတွင် ကျမ်းကျိန်ဆို၍ (၇-၁၁-၂၀၂၃)ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခြင်းစာချုပ်ချုပ်ဆိုခဲ့ပြီး ယင်းနေ့၌ပင် အဆိုပါမြေငှားဂရန်အနက်မှ မြေကွက်အမှတ်(၂၆/က)၊ မြေဧရိယာ(၀.၀၇၂)ကေရှိ မြေအား ဒေါ်ခင်ဌေးဝင်း(ဘ)ဦးကြည် ၅/စကန(နိုင်)၀၃၉၃၆၉၊ ဒေါ်ခင်စန်းဝင်း(ဘ)ဦးကြည် ၅/စကန(နိုင်)၀၃၉၃၇၀တို့မှ ဒေါ်နန္ဒာထွန်း(ဘ)ဦးလှထွန်းဝင်း ၅/စကန(နိုင်)၂၀၇၈၆၂ သို့ နှစ်ဦးသဘောတူမြေအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါမြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နန္ဒာထွန်းအမည်ဖြင့် မြေငှားဂရန်ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးတင်ထွန်း၏ သား မောင်မင်းနိုင် ၈/မသန(နိုင်) ၁၀၇၉၆၂၏ နိုင်ငံကူးလက်မှတ်အမှတ် ME-865111 သည် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၅၄၀၃၂၃၃**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်အနောက်(အမက)ကျောင်း Grade-5 မှ မိရွှန်းလဲ့အိမ်၏ မိဘအမည်မှန်မှာ ဦးအောင်သိန်းဦး ၁၀/ရမန(နိုင်)၁၉၁၅၆၁နှင့် မိဝေဝေလွင် ၁၀/ခဆန(နိုင်)၁၂၉၁၀၉၇ဖြစ်ပါကြောင်း။

**ဦးအောင်သိန်းဦး၊ မိဝေဝေလွင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇. M . 1၊အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ(၀.၀၅၂)ကေရှိ မြေသည် ဒေါ်သန်းရင်အမည်ဖြင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဂရန်အမှုတွဲအမှတ် ၂၁/V/၁၉၉၁-၉၂အရ(၈-၄-၁၉၉၄)မှ(၈-၄-၂၀၂၄)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားရာ ဂရန်အမည်ရှင် ဒေါ်သန်းရင်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည့်အတွက် ဒေါ်မြင့်မြင့်ခိုင် ၁၄/မအပ(နိုင်)၀၀၄၂၅၀၊ ဦးကျော်စိုးသန်း ၁၂/ကမရ(နိုင်)၀၃၆၉၆၅၊ ဒေါ်စန်းစန်းလှိုင် ၁၄/မအပ(နိုင်)၀၀၄၃၀၁နှင့် ဒေါ်စုနန္ဒာအောင် ၁၂/လမတ(နိုင်)၀၃၀၃၃၁ တို့မှ မြေငှားဂရန်မူရင်း၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေညာစာချုပ်တို့အပါအဝင်လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ မြေငှားဂရန်သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/နန်းတော်ရာ)၊ မြေကွက်အမှတ်(၁၄၅/စ)၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ မြေကွက်သည် ဒေါ်ကွန့်အမည်ဖြင့်မြေငှားဂရန် အမှုတွဲအမှတ် RP No.79/V/1963- 64 အရ မြေငှားဂရန် သက်တမ်းမှာ (၁-၁-၁၉၆၄)မှ (၃၁-၁၂-၁၉၉၄)အထိ ဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အား(၁၀-၅-၂၀၁၂)ရက်တွင် ဒေါ်ကွန့်မှ ဦးညီညီသို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး (၄-၉-၂၀၂၄)ရက်တွင် ဦးညီညီမှ ယင်းမြေကွက်အား လွှန်ခဲ့သော နှစ်(၂၀)ကျော်က ဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်သည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့၍ (၉-၉-၂၀၂၄)ရက်တွင် ဦးညီညီ(ဘ)ဦးတိုဟွန်း ၅/စကန(နိုင်)၁၄၆၄၉၈ မှ ဒေါ်လဲ့လဲ့ဝင်း (ဘ)ဦးလှလင်း ၉/အမရ(နိုင်)၁၀၉၇၃၀ သို့ မြေကွက်နှင့်အဆောက်အအုံအရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုခါ အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လဲ့လဲ့ဝင်း အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## သား၊သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးသန်းစိုးအောင် ၉/မခန(နိုင်) ၀၂၁၈၅၉နှင့်ဒေါ်သူဇာဝင်း ၉/မခန(နိုင်) ၀၄၇၀၈၄ တို့၏သမီးဖြစ်သူ မဂျူးဂျူးစိုး ၉/မခန(နိုင်)၃၀၃၅၄၈ နှင့် သားဖြစ်သူ မောင်ကောင်းမြတ်မင်း ၉/မခန(နိုင်) ၂၉၀၆၇၀တို့သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘဆွေမျိုးတို့အား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်လုပ်ဆောင်ခဲ့၍ လွန်ခဲ့သော (၁၆-၅-၂၀၂၁)ရက်ကတည်းက ကျွန်ုပ်တို့မိဘများအနေဖြင့်သားသမီးများအဖြစ် သတ်မှတ်ခြင်းမပြုတော့ပါ။ သို့ဖြစ်၍လွန်ခဲ့သော(၁၆-၅-၂၀၂၁)ရက်ကတည်းကပင် မဂျူးဂျူးစိုးနှင့် မောင်ကောင်းမြတ်မင်းတို့သည် ကျွန်ုပ်တို့နှင့်သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စရပ်များမှာ ၎င်းတို့နှင့်သာသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုးအောင် -** **ဒေါ်သူဇာဝင်း**
**၉/မခန(နိုင်)၀၂၁၈၅၉** **၉/မခန(နိုင်)၀၄၇၀၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/20630, Honda CS 150R,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းသွင် ၁၀/မလမ(နိုင်)၀၂၀၀၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/25714, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၃/ဘအန(နိုင်)၃၅၇၁၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဒေါ်သန်းမြင့်ငွေ နှင့် ဦးကျော်လှိုင်
(တရားလို) (တရားပြိုင်)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ရတနာလမ်းနေ ဦးကျော်လှိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

